မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်



ဒို့တာဝန်အရေးသုံးပါး

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၉)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့်ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိအဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့် လမ်း(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ★

ဆောင်းပါး **အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့** စာ - ၂၅ သို့

**အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်းကင်ယံမြေသို့ရောက်ရှိ** စာ - ၁၂ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၇ ရက်)

# ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေး၊ပညာရေးနှင့် နိုင်ငံတော်သာယာရေးကိုအလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ကိုယ်စီလုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် သိမှတ်လွယ်ကူစေရန် "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"နှင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူ၍ ဆောင်ပုဒ်များချမှတ်ပေးထားသည်။

"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟုဆောင်ပုဒ်ချမှတ်ထားသည်နှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုအားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်သွယ်မှုတွင်အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှလောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကိုတင်သွင်းနေရသည်။

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ပမာဏများစွာတင်သွင်းနေရဆဲဖြစ်သည်။ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများ စိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရခြင်းမှာ မဖြစ်သင့်တော့ပေ။ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကို တွက်ချက်၍ ပိုလျှံသည့် ဆန်တင်ပို့မှုပမာဏများကို တွက်ချက်ရနိုင်သည်။ ပိုလျှံသည့်ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ပို့ကုန်များပိုမိုထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေလ ၆ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌အမှာစကားပြောကြားစဉ် **"မိမိတို့နိုင်ငံမှထွက်ရှိသည့်ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်ဖြစ်ကြောင်း၊ အလားတူမြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့်မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးစသည့် ရာသီသီးနှံများသည် နေ့စဉ်မပါမဖြစ် အသုံးပြုနေရသဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးစဉ်ဆက်မပြတ်သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ်သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် **"ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်"** ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးအားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားပြီး ဒေသမှထွက်ရှိသည့်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထား၍ဆောင်ရွက်ရမည်ဖြစ်သည်။ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ လူသားအရင်းအမြစ်များလိုအပ်သည်။ ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲတို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်MSME လုပ်ငန်းများတိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကိုထုတ်ချေးပေးလျက်ရှိပြီးလိုအပ်သည့်ဖြေလျှော့မှုများကိုလည်းဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းများအတွက်လိုအပ်သည့်လူသားအရင်းအမြစ်များရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့စီးပွားရေးပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပြည်သူအားလုံးက ယခုထက်ပိုမို၍ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မိုးကောင်း မေ ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့်တာဝန်ရှိသူများက ကုန်းတန်းကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအား သတ်မှတ်ကာလအတွင်းအရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါကုန်းတန်းကြီးကျေးရွာ၌ လမ်းအရှည်ပေ ၃၅၀၀၊ အကျယ် ၁၈ ပေနှင့် ထု ၂ ပေရှိ မြေသားတာပေါင်တင်ခြင်း၊ ၎င်းလမ်းပေါ်တွင် အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းများအား ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

ငဖဲ မေ ၁၆

မကွေးတိုင်းဒေသကြီး ငဖဲမြို့မရပ်ကွက်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာစာရေးများပူးပေါင်းကာ မိုးဦးကျရာသီတွင် ခြင်မှတစ်ဆင့် ကူးစက်ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ၄က်ဖျားရောဂါကင်းဝေးစေရန်အတွက် မြို့မရပ်ကွက်အတွင်းရှိ နေအိမ်များတွင် ခြင်များခိုအောင်းနေထိုင်ပေါက်ပွားမှုမဖြစ်ပေါ်စေရေး ရေအိုး၊ ရေစည်၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ရန်နှင့် ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ကြသည်။

ဆက်လက်၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကိုရပ်ကွက်နေပြည်သူများအား အသိပညာပေးပြောကြားကြောင်း သိရသည်။ **မယု(ငဖဲ)**

## MWD Variety Channel

၁၇-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအဆောင်နှင့် အိမ်ရာများအား ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

မန္တလေးလျှင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများအနက် ပြန်လည်ပြုပြင်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များတွင် အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ သဇင်(၁) အဆောင်(၁၀)နှင့် သဇင်(၆) အဆောင်(၁) အပျိုဆောင်များ၊ ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂)၊ (၁၃၃)နှင့် (၁၃၄) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏နေထိုင်စားသောက်မှုနှင့်ကျန်းမာရေးအခြေအနေ၊ အိမ်ရာနှင့် အဆောင်ဝင်းများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အိမ်ရာနှင့် အဆောင်စည်းကမ်းများနှင့်အညီနေထိုင်နေမှု၊ ပြုပြင်ပြီးစီးသွားသည့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေနှင့်လျှပ်စစ်မီးရရှိမှုတို့ကို မေးမြန်းအားပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

# ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်မှုသင်တန်းကျောင်း (မန္တလေး)သို့ သွားရောက်စစ်ဆေး




မန္တလေး မေ ၁၆

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး)သို့သွားရောက်၍ ပြင်ပလူနာဌာနနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အာမခံအလုပ်သမားလူနာများကို တွေ့ဆုံအားပေး၍ လှူဒါန်းငွေများပေးအပ်ကာ အာမခံအလုပ်သမားလူနာများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းစဉ်များနှင့်ကျောက်ကပ်သန့်စင်ခြင်း ဝန်ဆောင်မှုဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်မှုသင်တန်းကျောင်း (မန္တလေး)သို့ သွားရောက်၍ လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက် သက်မွေးပညာရရှိရန်လိုအပ်နေသူများအား ရည်ရွယ်ဖွင့်လှစ်သော ဆိုလာတပ်ဆင်ခြင်းနည်းစနစ်သင်တန်းဖွင့်လှစ်နေမှုနှင့် လျှပ်စစ်အလုပ်အကိုင် Level-1 စစ်ဆေးအကဲဖြတ်နေမှုများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပဲမျိုးစုံနှင့် နှမ်းသန့်စင်စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေအားမာန်မြန်မာ ကုမ္ပဏီလီမိတက်၏ ပဲ၊ နှမ်းသန့်စင်စက်ရုံ၌ ကုန်ကြမ်းလက်ခံသိုလှောင်ထားရှိမှု၊ သန့်စင်မှုနှင့်ထုတ်လုပ်မှုအဆင့်ဆင့်၊ ထုပ်ပိုးမှုနှင့်စက်ကိရိယာများ အသုံးပြုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပဲ၊ နှမ်းများအား သန့်စင်ရာတွင် အရည်အသွေးစံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ အညစ်အကြေးနှင့် ပိုးမွှားကင်းစင်စေရေး အထူးဂရုပြုရန်၊ စက်ရုံများအနေဖြင့် ပြည်ပဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးမြင့် ပဲမျိုးစုံ၊ နှမ်းထုတ်လုပ်၍ ပြည်ပသို့ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အစိမ်းရောင်ကုမ္ပဏီလီမိတက်၏ နှမ်းသန့်စင်စက်ရုံ၌ နှမ်းများသန့်စင်ခြင်း၊ အရွယ်အစားရွေးခြင်း၊ အရောင်ခွဲခြင်းနှင့် ထုပ်ပိုးခြင်း လုပ်ငန်းစဉ်ကိုကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးမှုဖူလုံစေရေး ဆောင်ရွက်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပနေမှု ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုအားပေး



နေပြည်တော် မေ ၁၆

နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ၆၅၃ နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို မေလ ၁၆ နှင့် ၁၇ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော်စာစစ်ဌာနရှိ အမှတ်(၃)နှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများ၌ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယခုကျင်းပသော ရေးဖြေစာမေးပွဲသည် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၉၅ ဦးရှိကြောင်း သိရသည်။

မြဝတီ

# Bank of China ပညာတော်သင်ဆု စီမံကိန်း (၄)နှစ်ပြည့်အခမ်းအနားကျင်းပ



ရန်ကုန် မေ ၁၆

Bank of China ပညာတော်သင်ဆု စီမံကိန်း (၄)နှစ်ပြည့်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး Bank of China – Hong Kong ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တရုတ်ဘာသာစကား သင်တန်းသဘောတူစာချွန်လွှာကို အရှေ့ပိုင်းကိုယ်ပိုင်အထက်တန်းကျောင်း ELBC Language Center ဥက္ကဋ္ဌနှင့် တရုတ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD) မြန်မာနိုင်ငံရုံး ညွှန်ကြားရေးမှူးတို့က လက်မှတ်ရေးထိုးကြကြောင်းသိရသည်။

မြဝတီ

# ကမ္ဘာဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

ဂုဏ်နှင့်အာဏာရှိသူတို့ကို လူတိုင်းပင် ကိုယ်ကျိုးအတွက် ဖော်လံဖားချင်ကြ၏။ သို့သော် လူရည်လည်သူတို့ကသာ အနီးသို့ကပ်၍ ဖော်လံဖားနိုင်ကြပေရာ ဖော်လံဖားချင်ပါလျက်နှင့် အခွင့်အလမ်းကိုမယူတတ်သဖြင့် ဖော်လံမဖားရသောသူတို့က ဖော်လံဖားနိုင်သောသူတို့ကို ဝန်တိုစိတ်မကင်းဘဲ ရှုတ်ချသောလေသံဖြင့် (ဖော်လံဖား) သည်ဟု ဆိုကြကုန်၏။ ဖော်လံဖားသူတို့အခွင့်အလမ်းက စောင့်မျှော်တတ်သောအနုပညာ၊ ပေါ်လာသောအခွင့်အလမ်းကို ဖမ်းယူတတ်သောအနုပညာတို့ကို အရိုးခံသမားတို့ နားမလည်နိုင်ကြပေ။

ရိုးသားပွင့်လင်းစွာ ရေးသားရမည်ဆိုပါလျှင် ကျွန်ုပ်သည်ကား အလွန်တရာစိတ်ခက်ထန် တိပြတ်လှစွာသောအဘိုးဖြစ်သူ ဦးနကီထံသို့ ပြန်၍ချဉ်းကပ်နိုင်ရန် (ဝါ) ဖော်လံဖားရန် အခွင့်အလမ်းကို စောင့်မျှော်နေသူတစ်ဦးဟု ရေးရပေတော့မည်။ သူ့အိမ်သို့ ရုတ်ခနဲတက်သွားပါက ခြေဦးတည့်ရာ အိမ်ပေါက်ကိုတက်သည့်အရှုးကို နှင်ချသလိုသာ နှင်ချခြင်းခံရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် အဘိုး၏အိမ်ပေါက်သို့ အကြောင်းပြကောင်းကောင်းနှင့် အမောင်းအနှင်မခံရဘဲ တက်နိုင်အောင် အခွင့်အလမ်းကို စောင့်မျှော်နေရ၏။ အနှင်မခံရဘဲ လက်သင့်ခံမှ ချဉ်းကပ်နိုင်ပေမည်။ သို့အခွင့်အလမ်းကို စောင့်မျှော်နေသည့်အတွင်း၌လည်း အကယ်၍ အကြောင်းပြကောင်းကောင်းနှင့် အဘိုး၏အိမ်ရိပ်ကို နင်းကြည့်ရာ၌ အမောင်းအနှင်ခံရပါလျှင် အသာကိုယ်ရှိန်သတ်၍ တပ်ပြန်ဆုတ်သာအောင် ပြန်စရိတ်ကလေးကိုလည်း မလိုလေး၊ လိုလေးစုဆောင်းကာ အသင့်ပြင်ထားရပြန်၏။ အဘိုး၏မြို့၌ သောင်တင်ခံ၍ မနေနိုင်ပေ။

ကံတရားသည် လူလည်လုပ်လွန်းအားကြီးသည်ဟု ဆိုစရာဖြစ်နေပေတော့သည်။ ကံတရားသည် တစ်ခါတစ်ရံ၌ ရှစ်ကွက်ကျားကစားသူချန်ပီယံနှင့် အလွန်တူလေ့ရှိပါသည်။ ရှစ်ကွက်ကျားချန်ပီယံသည် အကွက်ဆန်းမောင်းဆင်ထားကာ ကိုယ့်ကျားတစ်ကောင်ကို ထိုးကျွေး၍ ပြိုင်ဘက်၏ကျားသုံးကောင်ကိုစားကာ (ကင်း) ယူတတ်သည့်နည်းတူ ကံတရားကိုယ်တော်မြတ်သည်လည်း သတ္တဝါတစ်ဦး၏ ကြမ္မာကို ဖန်တီးရာ၌ လက်ဦးတွင် ဝမ်းသာအားတက်ဖွယ်တစ်ခုခုကို လာဘ်ထိုးပြီးမှ တင်းပုတ်ကြီးနှင့် ထုနှက်သလို နာလန်မထူအောင် နှိပ်စက်တတ်သည်။

**"ကံတရားသည် လူလည်လုပ်လွန်းအားကြီးသည်ဟု ဆိုစရာဖြစ်နေပေတော့သည်။ ကံတရားသည် တစ်ခါတစ်ရံ၌ ရှစ်ကွက်ကျားကစားသူချန်ပီယံနှင့် အလွန်တူလေ့ရှိပါသည်။ ရှစ်ကွက်ကျားချန်ပီယံသည် အကွက်ဆန်းမောင်းဆင်ထားကာ ကိုယ့်ကျားတစ်ကောင်ကို ထိုးကျွေး၍ ပြိုင်ဘက်၏ကျားသုံးကောင်ကိုစားကာ (ကင်း) ယူတတ်သည့် နည်းတူ ကံတရားကိုယ်တော်မြတ်သည်လည်း သတ္တဝါတစ်ဦး၏ ကြမ္မာကိုဖန်တီးရာ၌ လက်ဦးတွင် ဝမ်းသာအားတက်ဖွယ်တစ်ခုခုကို လာဘ်ထိုးပြီးမှ တင်းပုတ်ကြီးနှင့် ထုနှက်သလို နာလန်မထူအောင် နှိပ်စက်တတ်သည် . . ."**

သို့ဆိုရခြင်း၏ အကြောင်းရင်းမှာမူကား အဘိုး၏မြို့ရွာသို့ ကျွန်ုပ်ချဉ်းကပ်လိုသောကြောင့် သွားစရိတ်၊ ပြန်စရိတ်ကလေးများကို ခြစ်ခြစ်ခြုတ်ခြုတ်စုဆောင်း မိစပြုသောအခါတွင်ပင် ကျွန်ုပ်အား အဘိုးရှိရာသို့ သွားနိုင်သောအခွင့်အလမ်းများကို ကံတရားက ဖွင့်ပေးစပြု၍လာခြင်းပင်ဖြစ်၏။ လက်ဦးဆုံး ကျွန်ုပ်၏အဘိုး ဦးနကီ ကိုယ်လက်မအီမသာ ဖြစ်သည်ဟူသော သတင်းအစအနများကိုကြားရ၏။ ဤအချိန်မှာ ၁၉၂၇ ခုနှစ်ဆီသို့ ရောက်နေပြီဖြစ်ရာ ကျွန်ုပ်၏အဘိုး ဦးနကီမှာ ၁၈၆၀ ပြည့်နှစ်၌ ဖွားသူဖြစ်သဖြင့် အသက် ၆၇ နှစ်ရှိနေပြီဖြစ်သည့်အတိုင်း ဇရာထောင်းစပြုခြင်းပင်ဖြစ်၏။ ထို့နောက်တွင် အဘိုးဖြစ်သူ တစ်နေ့ရွှေ တစ်နေ့ငွေဖြစ်သဖြင့် လုပ်ငန်းကြီးအားလုံးကိုပင် သားဖြစ်သူ ဦးဒါနအား ပုံ၍လွှဲအပ်ထားကာ အနားယူ၍နေရသည်ဟူသော သတင်းသဲ့သဲ့ကြားနေရပြန်၏။ ၁၉၂၈ ခုနှစ်သို့ ဝင်ခဲ့သောအခါတွင်မူကား ကျွန်ုပ်၏အဘိုး ဦးနကီသည် အိပ်ရာ၌ လဲလျောင်းနေရသည်ကသာ များသည်ဟူသောသတင်းများ ကျွန်ုပ်၏နားသို့ ပေါက်လာ၏။ အဘိုး၏ မကျန်းမာမှုသည် စင်စစ်၌ ကျွန်ုပ်အဖို့တွင် အဘိုးရှိရာသို့သွားရန် အခွင့်အလမ်းတစ်ခုအဖြစ်ဖြင့် ကံတရားက ဖဲဆင်၍ပေးခြင်းဖြစ်လေသည်။ နောက်ဆုံး၌ ကံတရားသည် ကိုယ်ဆင်ထားသောဖဲထုပ်ကို ကိုယ့်နှပ်ကြောင်းကို ကိုယ်စမ်း၍ ကိုယ့်ဘာသာချိုးကာ ကိုယ့်ဘာသာ ဝေသလိုလုပ်လိုက်သည်မှာကား အဘိုးဖြစ်သူ အသည်းအသန်ဖြစ်သည်ဟူသောသတင်းကို ရခြင်းဖြစ်၏။ ဤသတင်းမှာ ကျွန်ုပ်၏အဖို့၌ အဘိုး၏အိမ်သို့သွားရန် အချိန်တန်ပြီဟု ကံတရားက ပခုံးပေါ်၌ခွကာ နားတွင်းသို့ တီးတိုးပြောလိုက်သည်နှင့် မခြားပါပေ။

"အဘိုးဖြစ်သူ အသည်းအသန် မမာသဖြင့် ကျွန်တော်ပြုစုရန် လာပါသည်"ဟု အကြောင်းပြချက်ခိုင်လုံစွာဖြင့် အဘိုး၏အိမ်သို့ တက်နိုင်သောအခွင့်အလမ်းကို ကံတရားက စီမံဖန်တီး၍ ပေးချေပြီ။ လူမမာကို ပြုစုရန်လာသောသူအား အဘယ်သူသည် မောင်းနှင်၍ ပစ်ပါအံ့နည်း။ အစေအပါးခံလို၍ လာပါသည်ကို ခြေနှင့်ဆီး၍ ကျောက်သောထုံးစံသည် အဘယ်မှာမျှ မရှိစဖူးခဲ့။ ထို့ကြောင့် အခွင့်အလမ်းကို ရည်းစားမျှော်သလို ဇောထက်သန်စွာဖြင့် မျှော်ငံ့နေခဲ့သော ကျွန်ုပ်သည် အဘိုးအသည်းအသန်မမာ...ဟူသောသတင်းကို ရသည်နှင့်တစ်ပြိုင်နက် လက်ဆွဲသေတ္တာကလေးတစ်လုံးဖြင့် အသွားအပြန်ခရီးစရိတ်ငွေထုပ်ကလေးကို စွပ်ကျယ်အတွင်းဘက် လျှို့ဝှက်စွာ ချုပ်ထားသောအတွင်းအိတ်၌ မပျောက်မပျက်စေရန် ကျစ်ကျစ်လျစ်လျစ်ထည့်ကာ ကတ္တူကြုံအဆင်သင့်ရှိသဖြင့် ကျေးဇူးရှင်အထည်သည် ဇနီးမောင်နှံနှင့် မြေတိုင်းစာရေးကြီးတို့အား (အဘိုးမမာ၍) ဟူသော အကြောင်းပြချက်ကောင်းကောင်းနှင့် ခွင့်ပန်ပြီးနောက် အဘိုး၏မြို့သို့ မျှော်လင့်ချက်ကြီးစွာဖြင့် ထွက်လာခဲ့ပေသည်။

လမ်းတစ်လျှောက်လုံး အခွင့်အလမ်းဤသို့ပေါ်လာခိုက်တွင် အငိုက်ဖမ်းလိုက်ရသည်ကို ကျေနပ်ကြည်နူးလာခဲ့၏။ အဘိုး၏ကျောက်ဆိုင်နှလုံး အရည်ပျော်ကျအောင် မည်သို့ပြုစုမည်၊ မည်သို့ အလိုက်တသိဆောင်ရွက်မည် စသည်တို့ကိုလည်း အမျိုးမျိုးအဖုံဖုံတွေး၍ အသင့်ပြင်ဆင်လာ၏။ ကံတရားဖန်ထားပုံကိုလည်း ကံကိုသာ အကောင်အထည်မြင်ရလျှင် ထိုင်၍ရှိခိုးချင်လောက်အောင် ကျေးဇူးတင်မိ၏။ သို့သော် ရက်စက်သောကံတရားကား ရေနံပိုက်ပေါက်ကာ လယ်တစ်ကွက်လုံး ရေနံတွေပြည့်နေသဖြင့် ဝမ်းသာအားရကခုန်နေသော လယ်သမားကို မိုးကြိုးပစ်ချလိုက်သည့်နည်းတူ ကျွန်ုပ်အား အခွင့်အလမ်းကလေးနှင့် မြူခေါ်ပြီးနောက် သုံးကွက်ကျော်စားကာ သွားတစ်ချောင်းနဲ့အောင် အနှိပ်စက်ကြီး နှိပ်စက်ပစ်လိုက်ပြန်လေတော့သည်။

ဖြစ်ရပုံမှာကား တနင်္သာရီဒေသရှိ အသည်းအသန်မမာနေသော ကျွန်ုပ်၏အဘိုးထံသို့ ကတ္တူကြုံကိုစီး၍ လိုက်ခဲ့သည်တွင် လေအဆင်သင့်သဖြင့် လေးရက်ခန့်မျှနှင့် အဘိုးတို့မြို့သို့ ရောက်ခဲ့၏။ ကတ္တူဆိုက်သောအချိန်မှာ ညနေစောင်းလောက်တွင် ဖြစ်လေရာ တော်သလင်းလ၏ ပူပြင်းလှသောနေရောင်တို့ပင် ငြိမ်းအေးစပြုလျက် ကုန်းသို့ လက်ဆွဲသေတ္တာတစ်လုံးနှင့် တက်ခဲ့မိသောအခါ၌ အဘိုးထံသို့ ဝင်ရန် အချိန်ကောင်းဖြစ်နေသည်ကို သတိထားမိ၏။ စိတ်ထဲ၌ "ညနေပိုင်း အေးအေးလူလူဆိုတော့ စကားစမြည်လိပ်ပတ်လည်အောင်ပြောဖို့ အချိန်ကောင်းပဲ။ ညစာထမင်းကျွေးပြီး ညအိပ်လက်ခံမယ်ဆိုရင် ငါ့ဒုတိယရည်ရွယ်ချက်ဖြင့် အောင်ပေတော့မယ်" ဟုတွေးမိ၏။

ကမ်းနားမှတက်ခဲ့၍ ကြုံရာကို မေးမြန်းခြင်းဖြင့် အဘိုး၏အိမ်ဝင်းပေါက်သို့ ရောက်ခဲ့ပေသည်။ အဘိုး၏အိမ်ကြီးကို မြင်လိုက်ရသောအခါ၌ ကျွန်ုပ်သည် သွားလေသူမိခင်ကြီးအား သတိရကာ ရင်ထဲ၌ ဆို့နစ်၍သွားမိ၏။ အိမ်ကြီးကား ရှေးအိမ်ကြီးဖြစ်၏။ ငါးပင် လေးခန်း နှစ်ထပ်ဖြစ်လျက် ကြီးမားကျယ်ဝန်းသောဝင်းကြီးအတွင်း၌ တည်ရှိ၏။ အိမ်ရှေ့တွင် ဝင်းပေါက်နှစ်ပေါက်ရှိ၏။ နှစ်ပေါက်စလုံးပင် ဝင်းတံခါးများကို ပိတ်၍ထားပေရာ အိမ်ကြီးသည် ကျွန်ုပ်အား မနှစ်မြို့သောအသွင်ဖြင့် မျက်မှောင်ကုတ်၍ ကြည့်၍နေသည်ဟုထင်မိ၏။

အိမ်ကြီးကိုကြည့်ရင်း ကျွန်ုပ်၌ ရုတ်တရက် အကြောက်ဝင်လာ၏။ "အော်ငေါက်များနှင်ပစ်ရင်ဒုက္ခပဲ" ဟူသောစိုးရိမ်မှုဖြင့် တက်ရပိမ့်သော...ဆုတ်ပိမ့်သောဟုတွေးတောနှစ်ခွ ကြံ့ဒွိဟဖြင့် ဝင်းပေါက်ဝတွင် ခြေလှမ်းတုံ့၍နေမိ၏။ သို့သော် အခွင့်အလမ်းပေါ်ခိုက်မို့ လိုက်ပါခဲ့သည်တွင် ဝင်းပေါက်ကိုရောက်ခါမှ ပြန်ရမည်ဆိုသည်မှာ ရယ်ဖွယ်သာဖြစ်နေသောကြောင့် အားတင်းကာ "ဘာပဲဖြစ်ဖြစ် ဖြစ်လိုရာဖြစ် ဝင်တွေ့ပြီးမှ အနှင်ခံရရင်လည်း မကျေမနပ်နဲ့ပြန်ရုံပဲ" ဟု ကိုယ့်ကိုယ်ကိုယ် သိဒ္ဓိတင်လိုက်ပြီး ဝင်းတံခါးကိုတွန်းကြည့်၏။ စေ့ရုံမျှသာ စေ့ထားသော တံခါးသည် ကျည်...ခနဲမြည်ကာ ပွင့်သွား၏။ ဝင်းတံခါးပတ္တာမြည်သံကို ဖျတ်ခနဲပင် လန့်မိသေး၏။ ပြီးမှ ကိုယ့်စိတ်ကို ကိုယ်အားပေး၍ ကိုယ့်အဖြစ်ကို ပြုံးမိကာ အိမ်ကြီးဆီသို့ ခပ်သုတ်သုတ်လှမ်းခဲ့ရပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ ကာတွန်း ပိုစတာပြိုင်ပွဲကျင်းပ

ချောက် မေ ၁၆

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်၌ မြို့နယ်အဆင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေလ ၁၆ ရက်တွင် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်သုံးဦး၊ အလယ်တန်းအဆင့် ၁၃ ဦး၊ မူလတန်းအဆင့် ခြောက်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အထိမ်းအမှတ်နေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အခြေခံစက်ချုပ်သင်တန်းဖွင့်

ကော့သောင်း မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေလ ၁၅ ရက်က ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် အထောက်အကူပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် အဓိကကျသည့်ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံမှ အထည်ချုပ်လုပ်ငန်း၏ထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း၊ ထို့ကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာစေရေးကို ဆောင်ရွက်ပေးခြင်းဖြင့် တစ်နိုင်တစ်ပိုင်ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာခြင်းနှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေခြင်းတို့ကြောင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး စီးပွားရေးဦးတည်ချက် အောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထက်အောင်က လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ခေါင်းဆောင်ကို လုပ်ငန်းတာဝန်များ ပေးအပ်သည်။

အဆိုပါစက်ချုပ်သင်တန်းသို့ ပုလုံးတုံတုံးကျေးရွာနေသင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့်ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သီဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ ရှေ့ဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သီဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅)လမ်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့်ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား အဆင့်မြှင့်တင်ခြင်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (၈) နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သီဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင်တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် (၂) လမ်းသွားဖြစ်သော်လည်း ကား(၂)စီးတိမ်းရှောင်ရန် လုံလောက်သည့်အခြေအနေတွင်မရှိသောကြောင့် လမ်း(၅)လမ်း၏ စုစုပေါင်းအရှည်(၃၂၈၁၃)ပေအား အကျယ်(၂၄)ပေအထိ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နိုင်လွန်ကတ္တရာလမ်းပေါင်း(၁၆)လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသောမြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ဒေသခံပြည်သူများအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

❑ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သီဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင်တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် (၂)လမ်းသွားဖြစ်သော်လည်း ကား(၂)စီးတိမ်းရှောင်ရန် လုံလောက်သည့်အခြေအနေတွင်မရှိသောကြောင့် လမ်း(၅)လမ်း၏ စုစုပေါင်းအရှည်(၃၂၈၁၃)ပေအား အကျယ်(၂၄)ပေအထိ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ် . . .

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဓာတ်အားကွပ်ကဲရေးဌာနခွဲ(နေပြည်တော်)ရှိ National Control Center နှင့် Advanced Metering Infrastructure(AMI) Control Center တို့ကိုကြည့်ရှု၍ ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် မီတာဖတ်စနစ်များ၊ မီတာခကောက်ခံသည့် စနစ်များကို Digital စနစ်သို့ကူးပြောင်းနေသည့် အရှိန်အဟုန်ကိုမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၃၀ ကေဗွီ နေပြည်တော် ပင်မ ဓာတ်အားခွဲရုံကိုကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလအတွင်း ဓာတ်အားဖြန့်ဖြူးရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုကြိုတင်တွက်ဆ၍ ဓာတ်အားလိုင်းတစ်လျှောက်ရှင်းလင်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲတွင် Hydraulic Elevated Dam (HED) တပ်ဆင်ထားရှိမှုနှင့် အထက်ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်း ရေပိုလွှဲဒီဇိုင်းအတွက် Hydraulic Model Test ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် မေ ၁၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။

(မိုး/ဇလ)





၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်ပြမြေပုံ

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၆

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




# ပုသိမ်မြို့၊ ပုသိမ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းသမိုင်းပြခန်းသို့လာရောက်လေ့လာ

နေပြည်တော် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းအခြေခံလေကြောင်းဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့်စည်းလုံးညီညွတ်မှုရှိစေရန်ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)ကို ဧပြီလ ၂၇ ရက်မှစတင်၍ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် လေ့လာရေးလာရောက်ကြသည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား ကြည့်ရှုအားပေးစဉ်။

အဆိုပါသင်တန်း၌ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ မေလ ၁၅ ရက် မွန်းလွဲပိုင်းတွင် လာရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

အဆိုပါလေ့လာရေးလာရောက်ကြသည့် အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှသင်တန်းသား၊သင်တန်းသူများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများသန့်ရှင်းသာယာလှပစေရေး သန့်ရှင်းရေးဆောင်ရွက်



ပဲခူး မေ ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး ယနေ့တွင် ပဲခူးမြို့ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ပဲခူးမြို့ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (စာကလေးကွင်း)နှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဌာနဆိုင်ရာ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဥပဒေချုပ်တို့က သွားရောက် ကြည့်ရှုအားပေးကြသည်။

ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့တွင် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၂၈)မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (၄၁၀)

# သီးနှံများပန်းတိုင်အထွက်နှုန်းတိုးတက်စေရေး သီးနှံမျိုးစေ့များပေးအပ်




မင်းဘူး မေ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးလျက်ရှိသော အဓိက သီးနှံများပန်းတိုင် အထွက်နှုန်းတိုးတက်စေရေး သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီတာလွင်က အဓိကသီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်း များကို ဆွေးနွေးပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးလင်းက သီးနှံမျိုးစေ့များပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရက် ၁၀၀ စီမံချက်ဖြင့် ဒေသတွင်းသီးနှံစိုက်စွမ်းအားတိုးတက် မြင့်မားရေး၊ မျိုးသန့်ပွားဆောင်ရွက်နိုင်ရေးနှင့် အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းတိုးတက် စေရေးတို့အတွက် စိုက်ပျိုးမည့် မင်းဘူး(စကု) မြို့နယ်အတွင်းမှ တောင်သူများအတွက် အဓိက သီးနှံမျိုးစေ့များဖြစ်သော စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါ သီးနှံနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာပြုလုပ်မည့် ပိုက်ဆန်လျှော် သီးနှံမျိုးစေ့များအပြင် မြို့နယ်အတွင်း စမ်းသပ် စိုက်ပျိုးမည့် မြေနိမ့်ကော်ဖီပျိုးပင်များကို တောင်သူများလက်ဝယ်သို့ ပေးအပ်ကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)

# ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး



ကျွန်းစု မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကတ္တလူ) ကျောင်း၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများ နှင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် များနှင့် UID ကတ်များကို မေလ ၁၅ ရက်တွင် ဆောင်ရွက်ပေးကြောင်း သိရ သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးဦးမျိုးမြင့်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ များအား နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ် ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်နှင့် ဟောင်းနွမ်း ပျက်စီးသည့် နိုင်ငံသားစိစစ်ရေးကတ်များ အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ် ၇၅ ကတ်နှင့် UID ကတ်များကို လက်ဝယ် အရောက်ပေးအပ်ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## နိုင်ငံ့ဂုဏ်ရည်

❖ တို့တိုင်းဌာနီ၊ မြန်မာပြည်တည့်
ဖြာသည် အလင်း၊ အေးမြခြင်းလျှင်
လမင်း တစ်ရာ၊ မက သာတည့်
ထေရာဝါဒ၊ မြတ်ဗုဒ္ဓ၏
ဓမ္မရောင်ခြည်၊ လွှမ်းပတ်စည်သော်
စေတီခပင်း၊ ရွှေရည်ဝင်းအောင်
မင်းနှင့်ပြည်သူ၊ သဒ္ဓါတူလျက်
ပူဇော်အထွတ်၊ ပြည်လုံးညွတ်လျှင်
တုလွတ်ကင်းစင်၊ သမိုင်းစဉ်ဝယ်
နှိုင်းယှဉ်ရာမဲ့၊ သာပေခဲ့မို့
အိုဘယ့် မြန်မာ၊ တင့်မောစွာဟု
သူငါ ချီးအံ့၊ ကမ္ဘာနှံ့တွင်
လှိုင်ပျံ့ ထုံကြည် သင်းတကား။

❖ ညို့မှိုင်း ဖြာစည်၊ တို့ တိုင်းပြည်တည့်
ဤမှာ ကောက်နှံ၊ ဖွံ့ထားသန်လျက်
သယံဇာတ၊ သဘာဝလည်း
ကြွယ်ဝ ဤမြေ၊ ပေါပြည့်ပေ၏
စိန်ရွှေ ကျောက်မျက်၊ ဖိတ်ဖိတ်လက်ကာ
စဉ်ဆက် မြေးသား၊ ပိုင်ဆိုင်သွားဖို့
ဘိုးဘွား အမွေ၊ ငါတို့မြေတည့်
နေ ရေ လေနှင့်၊ အခြေသင့်ကာ
တောနှင့် ဂနိုင်၊ စုံမြိုင်တင့်ကောင်း
ဥဒေါင်းလည်ဆန့်၊ မြီးဝန်းဖြန့်၍
က အံ့ရွှယ်ရည်၊ နေဘိသည်သို့
ဤမြေ ရိပ်မြိုင်၊ လှချင်းပြိုင်သည်
ခိုင်သန့် စုံညီ ဝင်းတကား။

❖ မြို့တိုင်း ရွာပြည်၊ သာယာစည်ကာ
ညီညွတ်စုစည်း၊ တစ်သွေးတည်းပင်
ပြည်ကြီး ဂုဏ်တင့်၊ မျိုးဂုဏ်မြှင့်ဟု
ထောက်ချင့် ရည်မျှော်၊ တပ်မတော်က
နှိုးဆော်လမ်းဖွင့်၊ ဦးဆောင်လင့်သော်
မြင့်မြတ်အတွေး၊ ပြည်သူတွေးကာ
လေးနက်အမြင်၊ ပြည်သူမြင်လျက်
ပြည်ခွင် အကျိုး၊ ထမ်းသယ်ပိုးရန်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တို့
ပြည့်သိပ် နိုးကြား၊ နှလုံးသားမှ
ဆီးတား မရပ်၊ စဉ်မပြတ်လျှင်
စိတ်ဓာတ် ခိုင်ကြံ့၊ ပြည်လုံးဖွံ့သည်
နိုင်ငံ့ဂုဏ်ရည် လင်းတကား။ ။

မြင်းမူမောင်နိုင်မိုး

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

■ နေပူထဲကပြန်လာပြီး သံပရာရည်မသောက်သင့်ပါဘူး။ အထူးသဖြင့် ရေခဲပါရင် ပိုဆိုးပါတယ်။ အချဉ်မှာ ပူချဉ်နဲ့ အေးချဉ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သံပရာက ပူချဉ်ပါ။ ရှောက်သီးကတော့ အေးချဉ်ပါ။ ဒါကြောင့် ဆေးဆရာကြီးအတော်များများက ရှောက်ရည်ကို ဆေးဖက်ဝင်အဖြစ်သုံးပါတယ်။ ခေါင်းမူးတယ်ဆိုပြီး သံပရာရည်သောက်ရာက ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားတဲ့သူတွေ့ဖူးတယ်လို့ ရှေးကတိုင်းရင်းဆေးဆရာကြီး သွေးတိုး ဦးသန်းမောင်က သူရေးတဲ့ သွေးတိုးရောဂါအကြောင်းစာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုရဖူးပါတယ်။

■ ထုံကျဉ်ပြီး လေငန်းဖြစ်ချင်နေရင် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုးကို ဝယ်သောက်ပါ။ ဒါမှမဟုတ် ဆင်တုံးမနွယ်အမှုန့်ကြိတ်ပြီးသားကို ပရဆေးဆိုင်က ဝယ်ယူပြီး ပျားရည်နဲ့ရောမွှေထားပါ။ ဖန်ပုလင်းထဲထည့်၊ အပေါ်ကနေ နှမ်းဆီထည့်ပြီး အုပ်ထားပါ။ နံနက်၊ ည ကော်ဖီဇွန်းသေးတစ်ဇွန်းစားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါ နေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှောက်ဆေးဖြစ်ပါတယ်။

**ကျွန်တော့်သမီးလေး ရေကျောက်ပေါက်နေလို့ပါ။ အသက်က သုံးနှစ်နဲ့လေးလပါ။ ဘာဆေးသုံးရင် အဆင်ပြေမလဲ သိလိုပါတယ်ဆရာ။**

ရေကျောက်ပေါက်ရင် မိုးနံ့ရွက်ကိုအရည်ညှစ်လိမ်းပေးပါ။ အရည်ကို အနည်းငယ်တိုက်ပေးပါ။ ဒါမှမဟုတ် ကွမ်းရွက်ကို အရည်ညှစ်လိမ်းပေးပါ။ ကွမ်းရွက်နဲ့ ထန်းလျက်ရောကျိုရင်လည်းရပါတယ်။ သနပ်ခါးအမြစ်ကို သံပရာရည်နဲ့ရောပြီး သွေးလိမ်းပေးရင်လည်း အနာသက်သာပါတယ်။

**ဆားနင်းခြင်းရဲ့အကျိုးကျေးဇူးတွေကို သိလိုပါတယ်။ ဆားက မီးဖိုချောင်သုံးဆားလား၊ ဆားကြမ်းလားဆိုတာလည်း သိလိုပါတယ်။**

ဆားနင်းတာက အလွန်အကျိုးများပါတယ်။ ဆားကြမ်းရော မီးဖိုချောင်သုံးဆားပါ ရရာသုံးစွဲနိုင်ပါတယ်။ နံနက်ရေမချိုးမီ၊ ညအိပ်ရာမဝင်မီ တစ်နေ့နှစ်ကြိမ်နင်းလို့ရပါတယ်။ ဆားမနင်းမီ ခြေထောက်ကို ဒူးအထက်ကနေအောက် ရေလောင်းပြီးမှနင်းပါ။ ဆားနင်းပြီးရင်လည်း ခြေထောက်ကို ရေပြန်ဆေးရပါမယ်။ ဒါမှ အခိုးတွေကုန်အောင်ထွက်မှာပါ။

**ဆားနင်းခြင်းအကျိုး**

(၁) အပူအောင်းနေသော အခိုးအငွေ့များ ခြေဖဝါးမှ တစ်ဆင့် ထွက်သွားနိုင်သည်။

(၂) ကျောက်ကပ်တွင် အပူခိုခြင်းမှကာကွယ်၍ ဆီးလမ်းကြောင်းကို အကျိုးပြုသည်။

(၃) ကြာကြာနင်းလျှင် ခါးမှအပူများဆင်းသဖြင့် ခါးနာသက်သာစေနိုင်သည်။

(၄) အထိုင်များသူ၊ ယာဉ်မောင်းသူများအတွက် အညောင်းရောဂါ၊ အကြောပိတ်၊ အကြောတင်းခြင်းမှ ကာကွယ်နိုင်သည်။

(၅) မျက်စိအာရုံစူးစိုက်ရသူများ၊ မျက်မှန်တပ်ရသူများအတွက် မျက်စိကြည်စေပြီး စွဲမြဲစွာပြုလုပ်လျှင် မျက်မှန်လွတ်စေနိုင်သည်။

(၆) ဆံပင်ကျွတ်၊ ဆံပင်ပါး၊ ဆံပင်နှစ်ခွဖြစ်ခြင်းများ သက်သာစေသည်။

(၇) ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ မျက်ရည်ကျသူများ၊ မျက်ရည်လမ်းကြောင်းပိတ်သူများအတွက်လည်း အကျိုးရှိစေနိုင်သည်။

(၈) သားအိမ်လမ်းကြောင်းပိတ်၍ သား၊ သမီးမရသူများ သား၊ သမီးရစေနိုင်သည်။

(၉) အမျိုးသားဆီးကျိတ်ရောဂါရှိသူများ ဆီးကျိတ်ကြီးခြင်းမှ ကာကွယ်နိုင်သည်။

ဆားနင်းတာကို နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် နှစ်ကြိမ်ပြုလုပ်နိုင်ပါတယ်။ ခွက်တစ်ခုထဲမှာ ဆားနှစ်ပိဿာအနည်းဆုံးထည့်ရပါတယ်။ ပြီးရင် ရေမစိုအောင် အုပ်ထားရပါမယ်။ တစ်လလောက်ကြာမှ ဆားအသစ်လဲပေးနိုင်ပါတယ်။ ဆားကြမ်း၊ ဆားချော နှစ်မျိုးစလုံးရရာသုံးနိုင်ပါတယ်။ မိနစ် ၂၀ လောက်နင်းရင်ရပါတယ်။ ဆားနင်းတာကြောင့် ခေါင်းကိုက်ရောဂါ၊ ခါးနာရောဂါများ ပျောက်ကင်းနိုင်ပါတယ်။

**အပူချိန်အရမ်းများနေတဲ့အချိန်မှာ ကလေးတချို့ ကိုယ်ပူပြီး တက်သွားတာတွေ့ဖူးပါတယ်။ ကိုယ်ပူအရမ်းမတက်ရအောင် ဘာတွေလုပ်ပေးသင့်ပါသလဲ ဆရာ။**

လောလောဆယ် ကံ့ကော်ဝတ်ဆံကို သနပ်ခါးနဲ့ ရောသွေးလိမ်းပါ။ သနပ်ခါးကို အနည်းငယ်ခွံ့ပေးပါ။ ကံ့ကော်ဝတ်ဆံက အပူငြိမ်းစေပါတယ်။

**ကျွန်တော့်သားလေးက အသက်ခုနစ်နှစ်ပါ။ ညအိပ်ရင် သွားကြိတ်နေလို့ ဘယ်လိုကုသရပါမလဲ ဆရာ။**

သွားကြိတ်တာက လေလက္ခဏာလို့ အာယုဗ္ဗေဒကျမ်းများက ဆိုပါတယ်။ လေစာတွေ၊ လေပွစာတွေ မကျွေးပါနဲ့။ အထူးသဖြင့် အကြော်အလှော်တွေ မကျွေးပါနဲ့။ အာလူးကြော်၊ မုန့်ကြွပ်တွေ မကျွေးပါနဲ့။ ပီကေစတဲ့ကြာကြာဝါးရတဲ့အစားအစာတွေ မကျွေးပါနဲ့။ ဖီးကြမ်းငှက်ပျောသီးကို မီးကင်ကျွေးပါ။ အိပ်ရာဝင်ခါနီး ဒူးအထက်ကနေအောက် ရေလောင်းဆေးပေးပါ။

**နေပူထဲကပြန်လာပြီး သံပရာရည်သောက်လို့ရပါသလား။ ခေါင်းမူးရင် အမေက သံပရာရည်သောက်လေ့ရှိပါတယ်။ တစ်နေ့က ပင်စင်သွားထုတ်ပြီးအပြန်မှာ သံပရာရည်သောက်လိုက်ပြီး သတိလစ်သလိုဖြစ်သွားလို့ပါဆရာ။**

နေပူထဲကပြန်လာပြီး သံပရာရည်မသောက်သင့်ပါဘူး။ အထူးသဖြင့် ရေခဲပါရင် ပိုဆိုးပါတယ်။ အချဉ်မှာ ပူချဉ်နဲ့ အေးချဉ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သံပရာက ပူချဉ်ပါ။ ရှောက်သီးကတော့ အေးချဉ်ပါ။ ဒါကြောင့် ဆေးဆရာကြီးအတော်များများက ရှောက်ရည်ကို ဆေးဖက်ဝင်အဖြစ်သုံးပါတယ်။ ခေါင်းမူးတယ်ဆိုပြီး သံပရာရည်သောက်ရာက ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားတဲ့သူ တွေ့ဖူးတယ်လို့ ရှေးကတိုင်းရင်းဆေးဆရာကြီး သွေးတိုး ဦးသန်းမောင်က သူရေးတဲ့ သွေးတိုးရောဂါအကြောင်းစာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုရဖူးပါတယ်။

**လိပ်ခေါင်းသွေးကျရင် အမြန်ရပ်အောင် ဘာဆေးသုံးမရလဲဆရာ။**

ဆားခါးကို ရေဖျော်ပြီး ပလတ်စတစ်ဇလုံကြီးထဲမှာ ထည့်ပြီး ထိုင်ပေးပါ။ ပန်းလဲပွင့်ခြောက်(ပရဆေးဆိုင်မှာ မေးဝယ်)ပြုတ်ရည်ကို တစ်နေ့မတ်ခွက်တစ်လုံး သောက်ပါ။

**ချောင်းအရမ်းဆိုးနေတာ ညဘက်အိပ်မရဘူးဖြစ်နေပါတယ်။ ဘယ်လိုဆေးနည်းနဲ့ကုသရမလဲပြောပေးစေချင်ပါတယ်ဆရာ။**

ကွမ်းရွက်နဲ့ဆားကို ကတော့ထိုးထုပ်ပါ။ မပြေအောင် သွားကြားထိုးတံနဲ့ထိုးပြီး သံပြားပေါ်တင် မီးဖုတ်ပါ။ အဲဒီဆားပြာကို သံပရာရည်နဲ့ဖျော်လျက်ရင် ပျောက်ကင်းနိုင်ပါတယ်။

**သမီးအမျိုးသားရဲ့ခြေဖနောင့်က အမြဲတမ်းကွဲနေပါတယ်။ အေးတဲ့အချိန်ဆိုရင် ပိုဆိုးပါတယ်။ သွေးလည်းထွက်ပါတယ်။ အခု လမ်းလည်း မလျှောက်နိုင်လို့ပါ။ ဆေးနည်းလေးပြောပြပေးပါဆရာ။**

ခြေဖနောင့်ကွဲနာဖြစ်ရင် ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်နဲ့ မိနစ်အနည်းငယ်စိမ်ပြီး ထောပတ်နဲ့ပျားရည်ရောစပ်လိမ်းနိုင်ပါတယ်။ နောက်တစ်နည်းက သဘော်ရိုးအညှာကထွက်တဲ့အစေးကို အုန်းဆီနဲ့ရောလိမ်းပါ။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့အပူပေးပြီး ခြေသလုံးနဲ့ဖနောင့်မှာ ညအိပ်ရာဝင်တိုင်းလိမ်းအိပ်ပါ။

**သည်းခြေကျောက်အတွက် ဆောင်ရန်/ရှောင်ရန်နဲ့ ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာ ပြောပြပေးစေလိုပါတယ်ရှင့်။ မခွဲစိတ်ရဘဲ ကျောက်ကြေအောင် စားရမယ့်ဓာတ်စာလေးရှိရင် ပြောပြပေးစေချင်ပါတယ်ဆရာ။**

သည်းခြေကျောက်တည်ရင် အုန်းစိမ်း(အုန်းသီးအနု)ကို ထိပ်ဖွင့်ပြီး ကျောက်ချဉ်အခဲသေးသေး(ရွေးစေ့ခန့်)ထည့်ပြီး ခေတ္တစောင့်ပါ။ ပြီးရင် မသွန်ဘဲ ပိုက်နဲ့ စုပ်သောက်ပါ။ ၁၄ ရက်သောက်ရပါမယ်။ ကောက်ရိုးခြောက်အဝါရောင်ကို ပြုတ်သောက်ပါ။ ဒါမှမဟုတ် လက်ဖက်ခြောက်လို ရေနွေးထဲခတ်သောက်ရင်လည်း သည်းခြေကျောက်ကျပါတယ်။

**ညာလက်တစ်ဖက်က ညဘက်ဆိုထုံနေပါတယ်။ ပစ္စည်းတစ်ခုလောက်ကိုင်ရင်လည်း ကျဉ်သွားလို့ လေဖြတ်နိုင်သလားသိပါရစေဆရာ။**

ထုံကျဉ်ပြီး လေငန်းဖြစ်ချင်နေရင် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုးကို ဝယ်သောက်ပါ။ ဒါမှမဟုတ် ဆင်တုံးမနွယ်အမှုန့်ကြိတ်ပြီးသားကို ပရဆေးဆိုင်ကဝယ်ယူပြီး ပျားရည်နဲ့ရောမွှေထားပါ။ ဖန်ပုလင်းထဲထည့်၊ အပေါ်ကနေ နှမ်းဆီထည့်ပြီးအုပ်ထားပါ။ နံနက်၊ ည ကော်ဖီဇွန်းသေးတစ်ဇွန်းစားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါ နေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှောက်ဆေးဖြစ်ပါတယ်။

**ကျွန်မသားက တစ်လတစ်ကြိမ်လောက် အပူလျှပ်ပြီး ဖျားတတ်ပါတယ်။ ဆေးခန်းလည်းပြပါတယ်။ အခုလည်း ဖျားပြီး နှာစေး၊ ချောင်းဆိုးကျန်နေပါတယ်။ ကိုယ်တွင်းအဖျားကျန်နေတော့ မကြာမကြာ ပြန်ဖျားတယ်လို့ထင်ပါတယ်။ အဲဒါ ဘာဆေးများသောက်ရမလဲ ပြောပြပေးစေချင်ပါတယ်ဆရာ။**

အပူငုပ်နေပြီး ပြန်ဖျားတာဖြစ်လို့ ကွမ်းရွက်ခြောက်ကို ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခတ်သလိုထည့်နှပ်ပြီး တစ်နေ့တစ်ဘူးသောက်ပါ။ အပူကျအောင် လေပူကျဆေးသောက်ခိုင်းပါ။ ကိုယ်ခံအားမနည်းအောင် ညအိပ်ရာဝင် နွားနို့ပူပူတစ်ခွက်မှာ နနွင်းမှုန့်ကော်ဖီဇွန်းသေးတစ်ဇွန်း ထည့်ဖျော်သောက်ပါ။ နနွင်းစစ်စစ်က မဖျားအောင်ကာကွယ်ပေးပါတယ်။

## ခရမ်းမြို့နယ်၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများ သင်ကြားမှုစွမ်းရည် ပိုမိုမြင့်တက်လာစေရန်ရည်ရွယ်၍ မူလတန်းပြဆရာ၊ ဆရာမများအတွက် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ်ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေလ ၁၅ ရက်က ခရမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးသိန်းနိုင်က ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်၊ အဆိုပါသင်တန်းကို မေလ ၁၄ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိရာ မြို့နယ်ပညာရေးမှူး ဦးသိန်းနိုင်၊ တာဝန်ရှိသူများနှင့် နည်းပြဆရာမ ၁၀ ဦးက အနီးကပ်ကြီးကြပ်၍ ဆွေးနွေးပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ်အတွင်းရှိ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၂၆၁ ဦး တက်ရောက်ကြပြီး သင်တန်းကို မေလ ၁၄ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)



# အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်



မင်းဘူး မေ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အေးမြကျေးရွာဓမ္မာရုံ၌ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေမင်းတို့က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နွယ်နီက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာငွေက သင်တန်းသူများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။ သင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား မေလ ၁၅ ရက်မှ ဇွန်လ ၂ ရက်အထိ ကျွမ်းကျင်နည်းပြများက ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်သည်အထိ စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



ရွှေတောင် မေ ၁၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အင်ကြင်းစင် အခြေခံပညာမူလတန်းကျောင်း၌ မေလ ၁၅ ရက် နံနက်ပိုင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကိုသန့်က ကျောင်းသား၊ကျောင်းသူများအား လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာများအကြောင်းကိုရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ် သားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



မော်လမြိုင် မေ ၁၆

နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သားဖွားသင်တန်းကျောင်း(မော်လမြိုင်)တို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မေလ ၁၅ ရက်က သားဖွားသင်တန်းကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပထမနှစ်နှင့် တတိယနှစ်သင်တန်းသား၊ သင်တန်းသူများက ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားခွန်အားခေါင်းစဉ်ဖြင့် ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

ဆက်လက်၍ စာဖတ်ဝိုင်းဆွေးနွေးမှုနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို တက်ရောက်လာသောသင်တန်းသား၊ သင်တန်းသူများကမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လူကုန်ကူးမှုတိုက်ဖျက်ရေး စာပေဖတ်မှတ်တွေး

❖ ကမ္ဘာ့ရွာဟု၊ ခေါ်မှုချိန်ခါ
မေတ္တာတရား၊ ခေါင်းပါး၍လူ့ရွာ
ပျက်ယွင်းအကြင်နာ၊ စာနာမှုသုဉ်း။
မောဟအမှောင် လောဘနှောင်
လူ့ဘောင်အတွာ ဖုံးသည်နှင့်လေး။

❖ လူမိုက်လက်သုံး၊ မဆုံးဘယ်ခါ
အဓိကတွေး၊ ငွေကြေးအသပြာ
စကားချိုသာ၊ လိမ်ညာကွက်ရွှေ့။
လူကုန်ကူးသွယ် အန္တရာယ်
ယုံလွယ်သူများ တွေ့သည်နှင့်လေး။

❖ သဘောခွေ့ခွေ့၊ ပျော်မွေ့လွယ်ချင်
တမံသတိ၊ အသိမဆင်ခြင်
မြတ်အပျိုစင်၊ ဂုဏ်အင်မေ့ထား။
ဘဝပျက်ရှာ ညှိုးနွမ်းကာ
ရင်မှာအနာတရ မှားသည်နှင့်လေး။

❖ နိုင်ငံရပ်ခြား၊ ထွက်သွားဝင်ကုန်
မျိုးစုံအဖျက်၊ ခဲခက်ဖွယ်ကြုံ
ခန္ဓာရောင်းကုန်၊ သက်ယုံလွန်ကဲ။
ကုန်စည်ပမာ လူ့ခန္ဓာ
သပြာငွေဖြင့် လဲသည်နှင့်လေး။

❖ တွေ့ကြုံမှောင်ထဲ၊ ယိုင်လဲပြိုနာ
ရောင်းစားခံရ၊ ဘဝပျက်ကြရှာ
ကယ်သူဝေးကာ၊ ပူဗျာရင်တွင်း။
လောကရိပ်မြုံ သောကစုံ
ရောင်းကုန်လူဖြစ်ခြင်းငယ်နှင့်လေး။

❖ လူကိုလူချင်း၊ ရောင်းခြင်းကင်းရန်
စာပေသုတ၊ ဖတ်ကြအသိမှန်
ကောင်းဆိုးနှစ်တန်၊ မြဲမြံစောင့်ထိန်း။
စောင့်လေမျိုးနွယ် သီလကြွယ်
ရန်စွယ်အပေါင်းငြိမ်းသည်နှင့်လေး။

❖ ရှောင်တိမ်းသွင်ထူး လူကုန်ကူး ရည်စူးတိုက်ဖျက်သည်။
အောင်ကိန်းရှင်မြူး တူဆုံဖူး ကြည်နူးလိုက်ဖက်သည်။ ။

မောင်မင်းသိမ်း(သရက်)

**စာအုပ် စာပေ လူ့မိတ်ဆွေ။**

## သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) ကျင်းပ






**ရန်ကုန် မေ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည့်သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) တစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်ခဲ့ပြီး ဒုတိယဝန်ကြီးက ယနေ့တွေ့ဆုံမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးသော ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုခိုင်မာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့်ပုံမှန်ကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှစတင်၍ ပြည်သူများက ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ထားသော အစိုးရက တာဝန်ယူ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်နေမှုများ ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘောကူညီပံ့ပိုးပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အဆိုပါပွဲတွင် မြန်မာ့ကော်ဖီနှင့် မြန်မာနံနက်ခင်း စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့(MISIS) ဥက္ကဋ္ဌနှင့် မြန်မာသံအမတ်ကြီးဟောင်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## လျှောင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော်ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး၊ သာသနိကအဆောက်အအုံများ သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး ဘုရားဂေါပကများနှင့်တွေ့ဆုံဆွေးနွေး



**မန္တလေး မေ ၁၆**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ငလျှင်ဒဏ်သင့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော်အား ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ၊ ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ပြန်လည်ပြုပြင်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများ သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားဂေါပကများနှင့် အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုခဲ့ကြောင်း၊ သို့ပါ၍ ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများကို အဝင်မုခ်ဦးမှစတင်၍ ရင်ပြင်တော်တစ်လျှောက် ဂန္ဓကုဋိတိုက်များ၊ ဆီမီးခုံ၊ ဇရပ်၊ တန်ဆောင်း၊ ဘုရားစောင်းတန်း၊ ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဘုရားဂေါပကများကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် ယူနန်ပြည်နယ် YNPAFFC ဥက္ကဋ္ဌ တို့ တွေ့ဆုံဆွေးနွေး



**ရန်ကုန် မေ ၁၆**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့သည် ယူနန်ပြည်နယ် ပြည်ပနိုင်ငံများနှင့်ချစ်ကြည်ရေးအသင်း (YNPAFFC) ၏ ဖိတ်ကြားချက်အရ ကူမင်းမြို့သို့ ယနေ့တွင် ရောက်ရှိပြီး အသင်းဥက္ကဋ္ဌ Ms. Wang Yu နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ YNPAFFC ဥက္ကဋ္ဌက မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌအား နှစ်နိုင်ငံ ချစ်ကြည်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် Honorary Member အဖြစ် ခန့်အပ်ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကျောင်းကုန်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**ကျောင်းကုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းသည် ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကွင်းကြီးအုပ်စု အ.လ.က(ကွင်းကြီး) ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြမှုများကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုသည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် နိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သရုပ်ဖော်ရာတွင် အဓိကကျသော ပုံရိပ်တစ်ခုဖြစ်သည့်အတွက် အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည်များကို တင်ပြဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းရင်းသားကျေးရွာ (ရန်ကုန်)နှင့် သန်လျင်မြို့ရှိ ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးသည်။

မြဝတီ

## (၃၈) ဖြာမဂ်လာ  လမင်းကိုတ ပင်ပန်းရသို့ (အသောကံ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



စိုးသူတို့ကျောင်းမှ ကျောင်းအုပ်ကြီး၏ သားဖြစ်သူ သေဆုံးသွားသည်။ ကျောင်းအုပ်ကြီးသည် ကျောင်းဝင်းထဲမှာနေထိုင်သဖြင့် နာရေးကို ကျောင်းဝင်းထဲရှိအိမ်မှာပင် ပြုလုပ်ကြသည်။

ရွာထဲရှိလူကြီးများကလည်း နာရေးကို ဝိုင်းဝန်းကူညီကြသည်။ စိုးသူတို့ကျောင်းသားများကလည်း နိုင်ရာတာဝန်များကို ဝင်ရောက်ဆောင်ရွက်ပေးကြလေသည်။

မှော်ဇာရွာကလေးမှ မဝေးလှသော အရှေ့တောင်ထောင့်၌ သုသာန်ရှိသည်။ ထိုသုသာန်တွင် ရုပ်ခန္ဓာကို မြေမြှုပ်ကြမည်ဖြစ်ပါသည်။ ကျောင်းအုပ်ကြီး၏ သားဖြစ်သဖြင့်လည်းကောင်း၊ ဆွေမျိုးအားကောင်းသဖြင့်လည်းကောင်း နာရေးမှာလူစည်ကားလှသည်။

သုသာန်ရှိဇရပ်၌ မြေချသပိတ်သွတ်ပြီးနောက် ဂွကန်ဆရာတော်က တရားဟောသည်။

“သောကဆိုတာ မိဘဆွေမျိုးပျက်စီးခြင်း၊ ဥစ္စာပျက်စီးခြင်း၊ စိတ်ပူပန်ခြင်း၊ ဝမ်းနည်းခြင်းတို့နဲ့ ကြုံတွေ့ရတဲ့အခါမှာ အဖြေမရှိသူတွေဟာ အတောမသတ်နိုင်အောင် သောကအပူကို ပူကြရတယ်၊ အဖြေရှိတဲ့သူတွေကတော့ တရားသဘောနဲ့ ဆင်ခြင်ခြင်းဖြင့် သောကအပူကို ဖြေဖျောက်နိုင်ကြတယ်ကွဲ့၊ သာဓကအားဖြင့် ဆရာတော်ဟောကြားမှာကတော့ ဘုရားရှင်လက်ထက်က မလ္လိကာ ဒကာမကြီးရဲ့ အကြောင်းပါပဲ၊ တစ်နေ့မှာ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဟာ သံဃာတော်များကို ဆွမ်းဆက်ကပ်နေတယ်၊ ထိုအချိန်မှာ မလ္လိကာဒကာမကြီးချီမလာတဲ့ ထောပတ်အိုးကြီးဟာ ကျကွဲသွားသတဲ့၊ အရှင်သာရိပုတ္တရာမထေရ်မြတ်က “ကွဲပျက်တတ်သောအရာမှာ ကွဲပျက်လိမ့်မည်သာ တွေးမပူနဲ့ မလ္လိကာ” လို့ မိန့်တော်မူလိုက်သတဲ့၊ ဒီအခါ မလ္လိကာက မိမိခါးပိုက်ထဲမှစာကိုထုတ်ပြပြီး “အရှင်ဘုရား တပည့်တော်ခင်ပွန်းနှင့်တကွ သားသုံးကျိပ်သုံးယောက်လုံး အသတ်ခံရကြောင်း စာရထားပါလျက် ဤမျှမြေ့မပျက်၊ မပူပန်ဘဲ၊ ထိုထောပတ်အိုးလေးအတွက်ကား ဘယ်မှာ စိုးရိမ်ပူပန်ပါ့မလဲ” လို့ပြန်ပြီး လျှောက်ထားသတဲ့၊ အဲဒီမှာ မလ္လိကာဒကာမကြီး ပူပန်သောကမရှိခြင်းဟာ တရားသဘောကိုတွေ့မြင်နေရခြင်းရဲ့ အစွမ်းသတ္တိပဲ” ဟု ရေစက်မချမီ ဟောပြောဆုံးမသွားလေသည်။ ဆရာကြီး၏ မိသားစုမှာ ငိုကြွေးခြင်းမရှိတည်ငြိမ်လွန်းလှသည်။

ဆရာကြီးက

“မြွေဟာ သူ့ရဲ့အရေခွံဟောင်းကို စွန့်ခွာသွားသလိုပေါ့။ တို့သားဟာလည်း ကိုယ်ခန္ဓာအဟောင်းကိုစွန့်သွားတာပဲ၊ သေပြီး အသုံးမဝင်တော့တဲ့ ဒီခန္ဓာကိုယ်က မြေမြှုပ်တာကိုလည်းမသိ၊ ဆွေမျိုးတွေ ငိုကြွေးတာလည်းမသိ၊သူ့လမ်းကိုသူသွားတာ၊ မငိုကြွေးကြနဲ့”ဟု မိသားစုကို ပြောကြားနေလေသည်။ ဆရာ့ဇနီးကလည်း

“သူက ငါတို့မခေါ်ဘဲ ရောက်လာခဲ့တာ၊ အခု ငါတို့မလွှတ်ဘဲ သူ့သဘောအတိုင်း ထွက်သွားပြီဖြစ်လို့ ငိုနေလို့ဘာထူးမှာလဲ” ဟု ဖြည့်စွက်ပြောလာပြန်သည်။

ဆရာ၏ သမီးကလည်း

“ကျွန်မတို့ငိုနေလို့ ဘာအကျိုးရှိမှာလဲ၊ ဆွေမျိုးတွေ ချစ်ကျွမ်းဝင်သူတွေပိုပြီး စိတ်မချမ်းမသာဖြစ်ရုံပဲရှိမှာပေါ့” ဟု ပြောလေသည်။ ဆရာ၏ချွေးမဖြစ်သူ သေသူ၏ဇနီးကလည်း

“သေသူကိုတမ်းတပြီးဆွေးနေသူဟာ မရနိုင်တာကို လိုချင်တောင့်တနေသော ကလေးသဖွယ်သာဖြစ်လိမ့်မှာပေါ့” ဟု ရင့်ကျက်သောစကားကို ဆိုလေသည်။

နာရေးလိုက်ပို့သူအားလုံးမှာဆရာ့မိသားစုဝင်တို့၏ တရားစကားကြောင့် အတွေးအမြင်အသိတရားသစ်တို့ကို ရရှိလိုက်ကြသည်။ ဆွေမျိုးများလည်းစုံပြီဖြစ်၍ နာရေးကိုမြေမြှုပ်ရန် ပြင်ဆင်နေကြသည်။

စိုးသူကတော့ ရင့်ကျက်တည်ငြိမ်သော ဆရာ့မိသားစုကိုကြည့်ကာ တွေးဆနေမိသည်။ သူတို့၏ အတွေးအခေါ်များမှာ သူတို့၏ လေးနက်ခိုင်ကျည်သော စိတ်ဓာတ်ကိုပြသနေကြောင်း စိုးသူနားလည်လိုက်မိသည်။ စင်စစ် ဆရာကြီးတို့မိသားစုသည် အသောကံဟူသော သောကအကြောင်းကို တရားဖြင့် စဉ်းစားသိမြင်တတ်ကြသူများသာ ဖြစ်ပေလိမ့်မည်ဟု စိုးသူစဉ်းစားနေမိပါတော့သည်။ ။

## လူငယ်နှင့်အောင်မြင်ရေး

## ကိုယ်ပိုင်ဉာဏ်

ပီမိုးနှင်း

ကြီးပွားရေးလမ်း၌ ပိတ်ဆို့ဟန့်တားသောအရာများတွင် လူအများကိုဂရုစိုက်၍နေခြင်း၊ လူတို့၏ထင်မြင်ချက်ကိုကြောက်ခြင်း၊ လူပြောသူပြောစကားများကို သတိထားဂရုပြုလွန်းနေခြင်းမှာ တစ်ခုအပါအဝင် ဖြစ်လေသည်။

လူတို့သည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါဖြစ်သော်လည်း ကိုယ်တိုင်ဆင်ခြင်တတ်သောဉာဏ်ကို အသုံးပြုသည်ထက် အများ၏ထင်မြင်ချက်ကို လေးစားဂရုပြုသောစိတ်က ပိုမိုအားကြီးလေသည်။

အများလူတို့ ဘယ်လိုတွေးကြသည်၊ ငါ့ကို ဘယ်လိုလူဖြစ်သည်ဟု မှတ်ထင်ပြောဆိုကြမည်ဟူသောအကြောင်းကို လေးစားဂရုပြု၍နေသော စိတ်သည် မည်သူ့မှာမျှ လုံးလုံးကြီးမပျောက် မသိမသာရှိမြဲဖြစ်လေသည်။

ထူးထူးချွန်ချွန် အထွတ်အထိပ်သို့ ပေါက်ရောက်အောင်မြင်သောသူ အနည်းငယ်တို့သည် အများ၏ထင်မြင်ချက်ကို လေးစားဂရုပြုသည်ထက် ကိုယ်ပိုင်ထင်မြင်ချက်ကို ပိုမို၍ဂရုစိုက်ရလေသည်။

ကြီးကြီးကျယ်ကျယ်ဖြစ်မြောက်အောင် ကြံစည်ကြိုးစားသူတို့မှာလည်း အများနှင့်မတူသော တွေးခေါ်ထင်မြင်ချက်ကို အသုံးပြုကာ အများမလုပ်ဝံ့သောအရာများကို စွန့်စားလုပ်ကိုင်ကြရလေသည်။

သို့လုပ်ကိုင်ရာ၌ အများနှင့်တစ်ယောက် တိုက်ခိုက်ရလေရာ ထိုတိုက်ခိုက်ပွဲကိုနိုင်မှ အထွတ်အထိပ်သို့ရောက်၍ ရွှေထီးဆောင်းရလေသည်။ ရှုံးလျှင်မြေကြီး ဖြစ်ရလေသည်။

ရည်မှန်းချက် မြင့်မြင့်မားမားထားရှိသူများ၊ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရဲသောသူများအတွက် ကြီးကြီးကျယ်ကျယ်ဖြစ်ဖို့ လမ်းတွေများစွာရှိလေသည်။

မကျိုး၊ မကန်း၊ မရူး၊ မသွပ် ကျန်းမာသောသူတစ်ယောက်မှာ အများမကြံသောအကြံ၊ အများမလုပ်သော အလုပ်များကို လုပ်ရဲကြချေက ၎င်းတို့အတွက် ကမ္ဘာမြေကြီးသည် စားကျက်လွန်စွာကျယ်ပြောလေသည်။

အနုစိတ်၍ မြင်တတ်သောဉာဏ်သာလိုလေသည်။ လက်နက်၊ ကိရိယာစုံ၍ ကျန်းမာသန်စွမ်းသော လူတစ်ယောက်သည် လူသူမနေသော တောတောင်ကိုသွား၍ လက်ထဲ၌ ပိုက်ဆံတစ်ပြားမှ မပါစေကာမူ မငတ်နိုင်၊ ၎င်းတို့ရှိရာသို့ လူပေါင်းများစွာ စုရုံးလိုက်ပါ ရတနာရွှေငွေပုံ၍ ပေးကြရအောင် ပထဝီမြေကြီး၏ ရင်ခွင်ကိုခွဲထုတ်ကာ အဖိုးတန်ဥစ္စာတွေ ဖော်နိုင်ကြလေသည်။ စဉ်းစားဉာဏ်မီအောင် ဉာဏ်မျက်စိကိုသာ သုံးရန်လိုလေသည်။

**ဆရာကြီးပီမိုးနှင်း၏ “သုခချမ်းသာ စိတ်ပညာ” စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

## ဆိုရိုးစကား အလေးထား

### ကာလံ ဒေသံ အဂ္ဂံ ဓနံ

ပစ္စည်းတန်ဖိုးကို အချိန်အခါ၊ နေရာဒေသလိုက်၍ ဆုံးဖြတ်ရသကဲ့သို့ အချို့သော လူမှုကိစ္စများကို အချိန်အခါ၊ နေရာဒေသအလိုက် ဆောင်ရွက်ကြရသည်။ (ကာလံ- အချိန်အခါ၊ ဒေသံ- နေရာဒေသ၊ အဂ္ဃံ- တန်ဖိုး၊ ဓနံ-ပစ္စည်းဥစ္စာ။)

“**ကာလံဒေသံ၊ အဂ္ဃံဓနံ၊** ရှေးကထုံးမှီး၊ ယူသီးဝတ္ထု။” [၁၁၅၅] ဥတိန်* ၁၃၆။

“နည်းအဖြာဖြာ၊ အရာရာကို၊ ပညာဝေဖန်၍၊ **ကာလံ ဒေသံ၊ အဂ္ဃံဓနံ၊** ပရိဘောဂံ၊ ဤငါးတန်တွင်၊ ဆုတ်ရန်သည်တစ်မျိုး၊ တိုးတန်သည်အနီး၊ အသီးသီးပင်၊” [၁၁၉၄] ဇော *၁၄၂။

“ဖြစ်ချိန်ဖြစ်ရာ၊ တန်ဖိုးပါနှင့်၊ ဥစ္စာဟောင်းသစ်၊ စိစစ်ထုံးစံ၊ ကုံလောက်ငံအောင်၊ **ကာလံဒေသံ၊ အဂ္ဃံဓနံ၊** နည်းပြစဉ်လာ၊ မဟာပဒေသလေးပါး၊ သတိထားလေ့၊” [၁၂၆၆] မဃ * ၃၉၅။

### ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ချိန်သို့ရောက်

ခုနစ်စဉ်ကြယ်၏ အမြီးပိုင်းအပေါ်သို့ထောင်သော အချိန်သည် သန်းခေါင်အချိန်ဖြစ်သည်။ (ထိုအမှတ်အသားသည် တပို့တွဲလ၌ပို၍ မှန်ကန်သဖြင့် “လတပို့တွဲ၊ မှန်မလွဲ၊ အမြဲ ဧကန်မှတ်” ဟူ၍လည်း ဖြည့်စွက်အမှတ်အသား ပြုကြသေးသည်။)

**“ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ချိန်သို့ရောက်၊”** [၁၂၉၇] ဒေါင်းဖတ်စာ၊ ပ။ ၉၉။

“ခုနစ်စဉ်ကြယ်တွင် ရေခွက်နှင့်တူသော ကြယ်လေးလုံးကို ဦးခေါင်းဟူ၍ လည်းကောင်း၊ လက်ကိုင်အရိုးနှင့်တူသော ကြယ်သုံးလုံးကို အမြီးဟူ၍လည်းကောင်း မြန်မာတို့ခေါ်စမှတ်ပြုပါသည်။ ထို့ကြောင့် **ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ချိန်သို့ရောက်**ဟု ပြောကြပါသည်။” [၁၃၄၆] အာကာတစ်ခွင်။ ၄၈။

### ဂါထာပေး တေးဖြစ်

ဂါထာမန္တန်ကို တွေ့ရာလူအားပေးမိရာ ရသူများကအလွယ်တကူရသောကြောင့် ပေါ့ပေါ့တန်တန် ရွတ်ဆိုသဖြင့် တေးအဖြစ် ရောက်ရသည်။ **ဂါထာပေးတေးဖြစ်** – စကားပုံလည်းရှု။

“ဒီဂါထာတော်ကြီးကို မစရန်ကား ကန့်ကွက်ဖို့မရှိပေ၊ သို့ရာတွင် **ဂါထာပေး တေးဖြစ်**ဆိုတာလို ပေါ့ပေါ့ဆဆ မပြုလုပ်သင့်ကြပေ။” [၁၂၉၁] ကဝိမှန်၊ ၃၊ ၁။ ၄၀။

### မီးစောင်းထက် ရေစောင်းထက်၊ ရေစောင်းထက် လေစောင်းထက်

ရေသည် မီးထက် ပျက်စီးစေနိုင်၏။ လေသည် ရေထက် ပျက်စီးစေနိုင်၏။

“ထို့ကြောင့် ရှေးဆရာကြီးများက **မီးစောင်းထက် ရေစောင်းထက်၊ ရေစောင်းထက် လေကြောင်းထက်** ဟူ၍ ပရိဘာသာ ပြုခဲ့ပေသည်။” [၁၃၁၇] ဆေးဘိ။ ၂၅။

### မြင်းကိုနိုင်လို ဇက်ကိုဆွဲ၊ လှေကိုနိုင်လို တက်ကိုစွဲ

မြင်းဇက်ကြိုးကို နိုင်နင်းစွာဆွဲတတ်မှ မြင်းကိုလိုသလို စီးနိုင်သည်။ တက်ကို ကျွမ်းကျင်စွာ ကိုင်တတ်မှ လှေကို လိုသလို လှော်ခတ်နိုင်သည်။

“**မြင်းကိုနိုင်လို ဇက်ကိုဆွဲ၊ လှေကိုနိုင်လို တက်ကိုစွဲ၊**” [၁၂၇၃] ဩဝါ။ ၂၆။

### ရာသီမသိ ပန်းနှင့်ညှို

အခါရာသီအလိုက် ပွင့်သောပန်းတို့ကိုကြည့်၍ မည်သည့်လ၊ မည်သည့်ရာသီရောက်ပြီကို ခန့်မှန်းတွက်ဆနိုင်သည်။

“နုရင့်ချိန်မီ၊ ကိုက်ဖူးစီလျက်၊ **ရာသီမသိ၊ ပန်းနှင့်ညှို**သော်၊ ညီဘိကာလ၊ မလွန်ကြရှင့်၊” [၁၂၆၆] မဃ*၂၈၀။

“**ရာသီမသိ ပန်းနှင့်ညှို**ဟူသည့်အတိုင်း သစ်ပင်တို့သည် လူသားတို့အတွက် ဥတုသုံးပါး ရာသီဆယ့်နှစ်ပါးနှင့်တကွ လူသားတို့အား နှစ်၊ လ မှန်ကန်မှုတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖော်ပြကြကုန်၏။” [၁၃၁၇] ပုံပြဆေး၊ ပ။ ၁၇။

**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် “မြန်မာဆိုရိုးစကား” စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

# မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်သို့လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် မေ ၁၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်ရန်အတွက် မြစ်ကြီးနားလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး လေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများစခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ရေတိုင်ခြင်းလက်တွေ့ပြိုင်ပွဲကျင်းပစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲကျင်းပစဉ်။

နေပြည်တော် မေ ၁၆

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူ (၈၀၀) ဦးတို့သည် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက်စခန်းပေါင်းစုံမှသင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို နယ်မြေခံရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗဟိုတံတားတို့၌ ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ ပုသိမ်စခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ မန္တလေးစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့်ကျိုင်းတုံစခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ပြိုင်ပွဲနှင့် ပဲ့စင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှုလက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိ

နေပြည်တော် မေ ၁၆

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ခုတွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၄ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ **မိတ္ထီလာမြို့**ရှိ မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး ၊ မိတ္ထီလာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **မှော်ဘီမြို့**ရှိမြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ **ပြည်မြို့**ရှိ ပြည်သင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၄ ဦး၊ **ရန်ကုန်မြို့**ရှိ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **မော်လမြိုင်မြို့**ရှိမော်လမြိုင်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **မြစ်ကြီးနားမြို့**ရှိ မြစ်ကြီးနားသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀ ဦး ၊ **နမ့်စန်မြို့**ရှိ နမ့်စန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **တောင်ကြီးမြို့**ရှိ တောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀ ဦး၊ **တောင်ငူမြို့**ရှိ တောင်ငူသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀ ဦး၊ **လှိုင်ကော်မြို့**ရှိ လှိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၅ ဦး၊ **မြိတ်မြို့**ရှိ မြိတ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၁ ဦး၊ **မကွေးမြို့**ရှိ မကွေးသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **မုံရွာမြို့**ရှိ မုံရွာသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား၅၀ဦး၊**ဟုမ္မလင်းမြို့**ရှိဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **ပုသိမ်မြို့**ရှိ ပုသိမ်သင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ **နေပြည်တော်ကောင်စီနယ်မြေ**ရှိ နေပြည်တော်သင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦး ၊ **ကျိုင်းတုံမြို့**ရှိ ကျိုင်းတုံသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **မန္တလေးမြို့**ရှိမန္တလေးသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ **ကိုကိုးကျွန်းမြို့**ရှိ ကိုကိုးကျွန်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၂၀ ဦးနှင့် အုပ်ချုပ်သူ/နည်းပြများသည် လေယာဉ်/ရဟတ်ယာဉ်လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ယနေ့တွင် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်သို့ထွက်ခွာစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်လေဆိပ်သို့ရောက်ရှိစဉ်။

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး နယ်မြေခံတပ်မတော်သားများ အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၁၆

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့်လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များသန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နယ်မြေခံတပ်မတော်သားများ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့နှင့် မိုင်းပန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အပါအဝင် မြို့နယ်(၇)မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိအခြေခံပညာကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

# ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာရှိ နန္ဒဝန်ကျောင်းတိုက်ဓမ္မာရုံ၌အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၇˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၁၆-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

→ စာမျက်နှာ ၁၅ မှအဆက်

ရတနာပုံမြို့သစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့်ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့်ရရှိခဲ့သည့် အကျိုးရလဒ်များ၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများလုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်အားဖြည့်ဆည်းပေးနိုင်ရေးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦများ တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အဦများဖြစ်စေရန်လိုကြောင်း၊ စီမံကိန်းဧရိယာအတွင်းစိမ်းလန်းစိုပြည်ရေး၊ ရေအရင်းအမြစ်များကို အပြည့်အဝနှင့်အကျိုးရှိရှိ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများတိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများအနေဖြင့်လည်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများဖွံ့ဖြိုးတိုးတက်စေမည့်အထောက်အကူပြုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သွားရေးလာရေးနှင့်အုပ်ချုပ်မှုကိစ္စရပ်များအဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုပြီး Master Plan ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ Master Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့မှ ပြည်သူ့ဆေးရုံ/ကျန်းမာရေးဌာနများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၌ အတွင်းလူနာများကုသပေးနေမှုအခြေအနေ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြို့လှတိုက်နယ်ဆေးရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ ဆွာကျေးလက်ကျန်းမာရေးဌာန၊ ရေတာရှည်မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိပြင်ပလူနာဌာန၊ ဓာတ်ခွဲဌာန၊ အတွင်းလူနာဆောင်၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ အဆင့်မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေများ၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုကြည့်ရှုကာ ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တောင်ငူမြို့ရှိ တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်ခန်း၌ ကာကွယ်ဆေးများ စနစ်တကျသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများက စင်မြင့်ထက်တွင် နေရာယူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် (SEABPF) ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit နှင့် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (WBPF) ဥက္ကဋ္ဌ Mr. Datuk Paul Chua တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက WBPF ၏ဂုဏ်ထူးဆောင်ဆုများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှ ထူးချွန်စွာတာဝန်ထမ်းဆောင်သူ လေးဦး၊ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရရှိသူ အားကစားသမားသုံးဦး၊ ငွေတံဆိပ်ဆုရရှိသူသုံးဦးနှင့် ကြေးတံဆိပ်ဆုရရှိသူငါးဦးတို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများသည် စင်မြင့်ထက်မှပြန်လည်ထွက်ခွာပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်



(ရန်ကုန်) မှကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Men's Juniors Bodybuilding Under 21 years ပြိုင်ပွဲတွင် ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 55kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ မြန်မာ၊ Men's Senior Bodybuilding 60 kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men's Senior Body-building 65kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ ဗီယက်နမ်၊ Men's Senior Bodybuilding 70kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယ မြန်မာ၊ Men's Master Bodybuild-ing Over 45 years ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဖိလစ်ပိုင်၊ တတိယ မြန်မာ၊ Men's Sports Physique Up to 170 cm ပြိုင်ပွဲတွင်ပထမမြန်မာ၊ ဒုတိယထိုင်း၊ တတိယ မလေးရှား၊ Men's Sports Physique over 170 cm ပြိုင်ပွဲတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာ၊ တတိယ လာအို၊ Men's Fitness Physique One Open Category ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဗီယက်နမ်၊ တတိယ ဗီယက်နမ်၊ Women's Fitness Physique One Open Category ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်သုံးခုရရှိပြီး နိုင်ငံအလိုက် အဆင့် ၁ နေရာတွင် ရပ်တည်လျက်ရှိပြီး မေလ ၁၇ ရက်တွင် Event အမျိုးအစား ၁၂ မျိုးအား ပြိုင်ပွဲဝင်နိုင်ငံများက ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲကို မေလ ၁၄ ရက်မှ ၁၈ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# မိုးရာသီဖြန့်ဝေစိုက်ပျိုးမည့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး



မော်လမြိုင် မေ ၁၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန၏ မြို့မပျိုးဥယျာဉ်(၁)နှင့် မြိုင်သာယာပျိုးဥယျာဉ်တို့တွင် မိုးရာသီဖြန့်ဝေစိုက်ပျိုးမည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၄၀၆)

**❖ ရတနာပုံမြို့သစ် စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများလုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေးနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လို . . .**

**❖ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒီဂျစ်တယ်၊ အိုင်တီနှင့်အေအိုင်နည်းပညာများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်၊ လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများအနေဖြင့်လည်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများဖွံ့ဖြိုးတိုးတက်စေမည့်အထောက်အကူပြုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက် . . .**

**→ စာမျက်နှာ ၁၇ မှအဆက်**

မိမိပြင်ဦးလွင်မြို့သို့လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများ စနစ်တကျရှိရန် လိုအပ်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ရပ်ကွက်ကြီး(၈)နှင့်(၁၀) အတွင်းရှိအဓိကကျသည့်လမ်း ၅ လမ်းအား အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး ယနေ့တွင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ဒေသခံများရှိသကဲ့သို့ အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာသူများလည်းရှိကြောင်း၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် သဘာဝက ပေးထားသည့်ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန်ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ်နေ လူဦးရေများ ထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာကြောင်း၊ ထို့ကြောင့် အဆိုပါစွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့်ပြန်လည်အသုံးချ၍ မြို့အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပခရီးသွားများပိုမိုများပြားစွာဖြင့် လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန်ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည်ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများစားသုံးရန်နှင့် ဒေသတွင်းရှိပြည်သူများစားသုံးရန် လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ လာရောက်သည့်ခရီးသွားများလာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများထိုက်သင့်သည့် ဈေးနှုန်းများဖြင့်ရောင်းချပြီး ခရီးသွားများကိုကောင်းမွန်သည့်ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း၊ **ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင်စိုက်ပျိုးဆောင်ရွက်သွားကြရန်လို**ကြောင်း၊ အလားတူ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းကဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့်ရှိခဲ့ကြောင်း၊ **မက်မန်းပင်များကို ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လို**ကြောင်း၊ **အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင်အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို**ကြောင်း၊ ပိုးစာပင်များလည်းစိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်ကတည်းက နာမည်ရှိပြီး အရည်အသွေးလည်း ကောင်းမွန်မြင့်မားသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကိုပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သဖြင့်ပြင်ဦးလွင်ဒေသ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များသည်အအေးဓာတ်ကိုထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းမှုများကို တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင် စနစ်ဖြင့်စိုက်ပျိုးသွားကြရန်လိုကြောင်း၊ **သစ်တောသစ်ပင်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ညီညွတ်မျှတသည့် ရာသီဥတုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်**ကြောင်း၊ ပြင်ဦးလွင်မြို့ ရေလုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေကိုအကျိုးရှိစွာဖြင့် သုံးစွဲသွားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် အမှိုက်သရိုက်များရှင်းလင်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်း ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးကို ကြိုးစားမြှင့်တင်နေကြကြောင်း၊ နိုင်ငံတော်မှဖွင့်လှစ်ထားသောကျောင်းများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အားပေးဆောင်ရွက်သွားကြစေလိုပြီး ကျောင်းများအားလုံး စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီဖြစ်စေရေးကြပ်မတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ သက်ဆိုင်ရာအတန်းအလိုက် သင်ကြားပေးလိုက်သည့်ပညာရပ်များကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ **မိမိတို့၏ သားသမီးများပညာတတ်များဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့် လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့်လူငယ်များဖြစ်အောင်ဆောင်ရွက်ပေးကြစေလို**ကြောင်း၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့်တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေးဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ **မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပညာရေးကဏ္ဍအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကိုအသုံးပြုသွားမည်ဖြစ်**ကြောင်း၊ **လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်းပညာရေးကဏ္ဍအတွက်နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်**ကြောင်း၊ **မိမိတို့အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ထို့ကြောင့် ပြင်ဦးလွင်မြို့ကိုလည်း ပညာရေးနှင့်ပတ်သက်၍ စံပြမြို့ဖြစ်အောင် ဆောင်ရွက်သွားကြစေလို**ကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အားကစားကွင်းအားပြန်လည်ပြင်ဆင်ပေးလျက်ရှိပြီး ရပ်ကွက်အလိုက် အပန်းဖြေနေရာများ၊ ပန်းခြံများ၊ အားကစားကွင်းများ ဆောက်လုပ်ပေးသွားရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားများ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များ၊ လူငယ်များအနေဖြင့်ကျန်းမာကြံ့ခိုင်မှုများတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လူငယ်များ၏အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရပ်ကွက်များအလိုက်အားကစားကွင်းများ၊ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့် လျော်ညီသည့်ယင်လုံအိမ်သာနှင့်ရေလောင်းအိမ်သာများဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ အလယ်တန်းအဆင့်ကျောင်းများအားလုံးနှင့် ကျေးရွာများအလိုက် စာကြည့်တိုက်များရှိရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွင်း ဗဟုသုတနှင့်အသိပညာ၊ အတတ်ပညာများရရှိစေမည့် စာအုပ်စာပေများကိုထားရှိနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ် ဖတ်ရှုစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းပြင်ပပညာရှာမှီးရန်အထောက်အကူရသည့်အပြင် အသိပညာ၊အတတ်ပညာရှိသည့်ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်းဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်ပြီးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့်နိုင်ငံခြားငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင်တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်နေသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့်လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လမ်းသစ်ဖောက်လုပ်နေမှုအား မိုးမကျမီ ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း အရိပ်ရလေကာပင်များ စနစ်တကျထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိရတနာပုံတယ်လီပို့ အဆောက်အဦသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း **စာမျက်နှာ ၁၄ သို့ →**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစဉ်။

**❖ ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ၊ မြို့ပေါ်နေ လူဦးရေများထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်းများပြားလာ၊ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့်ပြန်လည်အသုံးချ၍ မြို့အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကိုဆောင်ရွက်သွားရန်လို . . .**

**❖ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများကိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကိုမြှင့်တင်ဆောင်ရွက် . . .**

➜ ကျောဖုံးမှအဆက်

## ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ပြင်ဦးလွင်ဒေသသို့ရောက်ရှိစဉ် ပြင်ဦးလွင်မြို့ရေရရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့နှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ၊ ပန်းတိုင်သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုနှင့်ဒေသတွင်းဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများမှ MSME လုပ်ငန်းများအတွက်လိုအပ်သည့်ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီများစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အစိုးရသစ် ပထမရက် ၁၀၀ ကာလအတွင်း ဒေသနှင့်ဒေသခံတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များလျာထားဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များက နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြင်ဦးလွင်ဒေသအတွင်း လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ကျေးဇူးအထူးတင်ရှိလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြင်ဦးလွင်မြို့တွင် နှစ်စဉ်သစ်ပင်စိုက်ပွဲများကို အရှိန်အဟုန်ဖြင့်ကျင်းပပြုလုပ်၍ စိုက်ပျိုးလျက်ရှိမှုနှင့်သစ်ပင်စိုက်ပျိုးမှုများကို ကျေးရွာအုပ်စု၊ ကျေးရွာခွဲများအထိ စိုက်ပျိုးစေလိုမှု၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီနှင့် ဝိုင်ထုတ်လုပ်မှုကို One Village One Product အဖြစ်လုပ်ဆောင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့်အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်ပျိုးပင်များ လိုအပ်လျက်ရှိမှု၊ ဂဲလောင်ချောင်းပြုပြင်ပြီးနောက်ပိုင်း ပြင်ဦးလွင်မြို့အတွင်း ရေကြီးရေလျှံမှုမရှိတော့သည့်အတွက်မြို့သူမြို့သားများအနေဖြင့် အထူးကျေးဇူးတင်ရှိလျက်ရှိမှု၊ ပြင်ဦးလွင်ဒေသတွင်း နွားနို့နှင့် နို့ထွက်မလိုင်၊ ထောပတ်များထုတ်လုပ်လျက်ရှိမှုနှင့် အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများအား ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှု၊ ဒေသအတွင်း ကော်ဖီများစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာသည်နှင့်အညီ နည်းပညာမြင့်စက်ပစ္စည်းများအား ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ ကော်ဖီထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဖြစ်ထုတ်လုပ်ရာ၌ အဆင်ပြေစေရန်အတွက် ကော်ဖီစက်ရုံများအတွက် မြေနေရာဖော်ဆောင်ပေးစေလိုမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်မှထုတ်ချေးပေးမှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

## ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ကျောက်မဲ ရထားခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဂုတ်ထိပ်ရှုခင်းကြည့် ရထားခရီးစဉ်အား ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်စေရေး အတွက် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့်ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

သည်များကို ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကော်ဖီစက်မှုဇုန်ဆောင်ရွက်လိုမှုနှင့် စက်ပစ္စည်းများလိုအပ်မှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကော်ဖီသောက်သုံးမှုများ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ပြင်ဦးလွင်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာမြေများ၌ စိုက်ပျိုးမွေးမြူမှုများအား သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ပြင်ဦးလွင်ဒေသအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှုနှင့်ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်မှချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား ဆွေးနွေးမှာကြား

ထို့နောက်နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခင်က

စာမျက်နှာ ၁၅ သို့ ➔

❖ **မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရ၊ ပြင်ဦးလွင်ဒေသ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလို . . .**

❖ **မိမိတို့၏ သားသမီးများပညာတတ်များဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့် လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့်လူငယ်များဖြစ်အောင်ဆောင်ရွက်ပေးကြစေလို . . .**

❖ **ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက် . . .**

❖ **လူငယ်များ၏အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ ဆောင်ရွက်ပေးသွားရန်လို၊ ရပ်ကွက်များအလိုက် အားကစားကွင်းများ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကိုဖော်ဆောင် . . .**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# President of the Republic of the Union of Myanmar U Min Aung Hlaing met local elders, and MSME entrepreneurs from PyinOoLwin

## All-inclusive efforts needed for town development as undertakings for town-wise development amounts to building a better country



President of the Republic of the Union of Myanmar U Min Aung Hlaing meets local elders, and MSME entrepreneurs from PyinOoLwin.

NAY PYI TAW May 16

President of the Republic of the Union of Myanmar U Min Aung Hlaing met local elders, and MSME entrepreneurs from PyinOoLwin, Mandalay Region, at PyinOoLwin town hall this afternoon, and discussed regional development.

Also present were union ministers, U Khin Maung Yi, U Mya Tun Oo, U Min Naung, U Myo Zaw Thein, U Hsan Oo and U Myo Thant, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, the Region Hluttaw speaker,the Central Command commander,region ministers, region, district and township level departmental personnel, and officials.

**Presentations on regional development undertakings, requirements and matters relating to regional development**

The PyinOoLwin District Management and Administration Committee Chairman presented local points, progress in implementing the directives on town water supply, rural development, tourism promotion and greening given by the Head of State during his visit to PyinOoLwin, cultivation of main crops and targeted crops, achievement in livestock breeding, local food sufficiency, loans provided for MSMEs from national economic development funds, endeavours for MSME development, coffee cultivation and export, education development undertakings, MSME businesses in the district, turning PyinOoLwin into a coffee city and health city, health and education promotion, ongoing rural development undertakings in PyinOoLwin, planned undertakings for socio-economic development of the local within the first 100-day period of the current government.

Local elders and MSME entrepreneurs said local people express gratitude for the President for his continuous efforts for socio-economic development of the people of PyinOoLwin area. They reported on launching of annual tree planting ceremonies with greater momentum for environmental conservation in accord with the guidance of the Head of State and extension of the activity till reaching village-tracts and sub-villages, production of coffee and wine under the one village one product program in PyinOoLwin and the need to acquire quality strains, the gratitude expressed by the town people for halting floods in PyinOoLwin after repairing the Gaelaung creek,milk, cream and butter production in PyinOoLwin and the need to import machinery required for further improving the quality of the products. They then asked permission to import advanced machinery for coffee industry as coffee sown acreage is increasing and more loans from national economic development funds, more land for coffee factories for facilitation of coffee industry, and expressed thanks for disbursing soft loans from national economic development funds.

**Clarifications by union ministers and chief minister**

In response, the union ministers explained State's endeavours for public transportation development, efforts to resume Zeebingyi-PyinOoLwin-Kyaukme railroad and operation of Gokteik sightseeing train ride to promote tourism, upgrading of Anisakhan airport, a meeting with farmers and fulfil their needs for progress of damson cultivation and production, procedures for fulfilling the needs to set up coffee zones and to provide machinery, efforts to develop coffee sown acreage and production in Myanmar alongside the increase in coffee consumption, the need to conduct farming activities in accord with the set rules, endeavours for socio-economic development of rural people through cooperative farming system for progress of rural agriculture, livestock and economy, environmental conservation in the entire country and forest plantation and protection in PyinOoLwin area, provision of loans in accord with the rules for MSME development. The chief minister gave a supplementary clarification, saying that the region government will look into the requirements in accord with the policies adopted by the government.

**Discussion and guidance on regional development**

Following this, the President discussed matters regarding the development of the PyinOoLwin region, noting that during his previous visits to PyinOoLwin, he observed a need for systematic city roads, leading to the upgrading of five major roads in Wards 8 and 10, which have now been successfully opened. He mentioned that PyinOoLwin is inhabited by both locals and those who have relocated from other regions. He emphasized that just as the State is working for the development of PyinOoLwin, residents themselves must also cooperate. He added that it is necessary to continuously maintain their respective homes and compounds to ensure cleanliness, neatness, and greenery.

He noted that if one compares the PyinOoLwin region to its condition about two decades ago, it can be clearly seen that it has developed significantly. He added that PyinOoLwin is a city blessed with a naturally cool, pleasant climate and is an excellent place to live. Therefore, he is establishing policies to transform PyinOoLwin into a healthcare city. He also observed that as the urban population grows denser, daily waste disposal increases accordingly. Consequently, he emphasized the need to utilize this discarded waste effectively for activities such as generating electricity required for the city.

He stated that as PyinOoLwin is a tourist city, improving its environmental cleanliness and scenic beauty will attract a greater number of domestic and international visitors, thereby enhancing its reputation as

See Page - 21►►

# Government personnel and supply-laden vehicles return to Mandalay to restore state administrative mechanisms in towns and villages along Mandalay-Myitkyina corridor

NAY PYI TAW May 16

On May 6, the Tatmadaw fully reopened and brought back under control the Mandalay-Myitkyina communication route, which connects Mandalay Region to Sagaing Region and Kachin State. This critical infrastructure is vital for the development of northern Myanmar, an area that had been temporarily blocked by armed insurgents. The route passes through the towns of Mandalay, Madaya, Thabeikkyin, Tagaung, Htigyaint, Katha, Indaw, Mawlu, Nansiaung, Mohnyin, Mogaung, and Myitkyina. Prior announcements on May 12 confirmed that under the coordination of the government and the military, personnel and supplies were dispatched from Mandalay to Myitkyina to achieve several objectives: restore state governance mechanisms in the affected areas, ensure the well-being and livelihood of local ethnic people returning to their homes, ensure the timely delivery of school textbooks and stationery before the start of the school term, meet medical supply needs for healthcare services, and address other requirements. Essential goods transported included basic foodstuffs, consumer items, construction materials, medicines and medical supplies, schoolbooks, and fuel.



Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having travelled from Mandalay to Myitkyina.



Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having travelled from Mandalay to Myitkyina.



Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having travelled from Mandalay to Myitkyina.



Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having travelled from Mandalay to Myitkyina.

The cargo vehicles that had arrived in Myitkyina departed from that city on May 15. They traveled back via Mogaung, Mohnyin, Nansiaung, Mawlu, Indaw, Katha, Htigyaint, Tagaung, Thabeikkyin, and Madaya, arriving in Mandalay city this evening.

Cargo trucks travelling from Myitkyina to Mandalay carried local goods from towns and villages along the route for sale in Mandalay, along with departmental staff and their families delayed by difficult road conditions while transferring to new postings, employees heading to training courses, and residents travelling to Mandalay for medical treatment.

With the reopening of the Mandalay–Myitkyina transport route, passenger vehicles and cargo trucks are now operating normally, allowing local residents to travel and conduct trade smoothly while benefiting from improved peace and stability. They expressed gratitude to the State Government and the Tatmadaw for the resumption of development activities in various sectors, including healthcare and education for students and youth. It is also reported that security forces are cooperating with departmental staff and local residents in ongoing efforts to support the restoration of these areas.

**100**

# 18 illegal Chinese nationals arrested and online fraud/gambling equipment and structures seized near Thanlwin River in Mongshu-Mongsan Area, Mongshu Township, southern Shan State



Eighteen illegal Chinese nationals arrested near the Thanlwin River in the vicinity of Lwesaunghtauk Village, Mongshu Township.

NAY PYI TAW May 16

The government is effectively identifying and taking action against online gambling and financial fraud operations. In cooperation with international partners, it is resolutely cracking down on cyber fraud and gambling activities. On May 15, near the Thanlwin River in the Lwesaunghtauk Village area, Mongshu Township, southern Shan State, 18 illegal Chinese nationals were apprehended. Additionally, equipment and structures used for online fraud and gambling were seized near Hopong Village, Mongshu Township, on the west bank of the Thanlwin River.

A joint team comprising security forces conducted searches in the Mongshu-Mongsan Area along the west bank of the Thanlwin River in Mongshu Township, Loilem District, southern Shan State, to prevent online fraud and gambling operations. At approximately 9:30 AM on May 15, around 26 kilometers southeast of Mongshu Town and 11 kilometers southeast of Lwesaunghtauk Village, near the Thanlwin River, the team arrested 18 Chinese nationals who had illegally entered and resided in the country.

Similarly, another joint team of security forces carried out searches along the Thanlwin River bank. Around 11:00 AM, approximately 26 kilometers east of Mongsan Town and nine kilometers east of Hopong Village,

See Page - 20 ●●

●● From Page - 19

on the west bank of the Thanlwin River, they discovered and seized facilities used for online fraud and gambling. These included two demolished residential dormitories (100 feet long by 30 feet wide each), one operational hut (100 feet long by 30 feet wide), 30 bamboo huts (10 feet by 10 feet each), and one dining hut (10 feet by 10 feet).

Necessary interrogations are being conducted regarding those arrested, and follow-up actions are being taken to ensure effective legal prosecution. Authorities are also investigating and will take strong legal action against those involved behind the scenes.

Viewing the fight against online fraud and gambling—which poses a global threat—as a national duty, the government is actively identifying and taking action, both with domestic forces and in coordination with neighbouring governments, to ensure these operations cannot establish a foothold in Myanmar. Furthermore, regional and state authorities are resolutely investigating, arresting, and prosecuting such activities, including online gambling and financial fraud. Joint security teams are conducting rigorous searches and identifications. The Myawady team urges the public to contribute to the national good by promptly reporting any information about such criminal activities in their vicinity.

**100**



Structures used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong Village, east of Mongsan Town, Mongshu Township.



Residential huts used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong Village, east of Mongsan Town, Mongshu Township.



Residential huts and a kitchen hut used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong Village, east of Mongsan Town, Mongshu Township.

# More than 10,000 acres of kidney bean harvested in Htigyaing Township

HTIGYAING May 16

Statistics of Htigyaing Township Agriculture Department stated that local farmers have finished harvest of more than 10,000 acres of kidney bean in Htigyaing Township of Sagaing Region.

In Htigyaing Township, a total of 17,285 acres of kidney beans were cultivated during the winter cropping season. Harvesting of the cultivated kidney bean fields began in January this year, and 10,080 acres have been harvested to date, with an average yield of more than 16 baskets per acre.

"Kidney beans were cultivated on 17,285 acres in Htigyaing Township. At present, the cultivated kidney bean fields are being harvested. As of today, more than 10,000 acres have already been harvested. The area under kidney bean cultivation has expanded beyond the targeted acreage. To ensure good yield and quality of the bean crop, we have worked together with farmers by providing high-quality seeds, agricultural inputs, and post-harvest technology support," said U Ko Ko Aung, Head of the Department of Agriculture in Htigyaing Township.

In Htigyaing Township, the Township Department of Agriculture has also carried out awareness and extension activities to help farmers expand cultivation areas, improve crop yields, adopt Good Agricultural Practices (GAP), and use high-quality and high-yield seed varieties.

Crops cultivated using GAP methods generally have better quality than those grown using other methods, obtain higher prices, and are of sufficient quality for both domestic markets and export markets. As a result, farmers who adopt these methods can achieve greater economic benefits.

**SK**

# Htigyaing Township expands sown acreage of vegetables more than the target

HTIGYAING May 16

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the Township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-2026 season. But, farmers started cultivation of crops in October 2025, and so far, they have plamted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation. Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions.

**SMK**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

►► **From Page - 18**

an excellent travel destination. He noted that to supply the food requirements of both visiting tourists and local residents, measures must be taken to ensure the sufficient local production of meat, fish, and eggs. He added that to make PyinOoLwin appealing to visitors, local food products, traditional clothing, snacks, and regional crops should be sold at reasonable prices, and the city's reputation should be promoted through good hospitality and friendly services.

He also stated that PyinOoLwin is a region where various flowers and seasonal crops thrive, and it is also highly suited for growing cherry trees. He noted that this is why PyinOoLwin is affectionately referred to as the Cherry City or the Flower City. He emphasized that in maintaining its status as a flower city, efforts must be made to cultivate native flower species more successfully. Similarly, he mentioned that plum cultivation has been carried out since the past and has served as a signature product of PyinOoLwin. He urged officials to make arrangements to increase the cultivation and production of plums even further. He added that the production of other orchard crops, including avocado, orange, and macadamia, must also be expanded. Furthermore, as mulberry trees thrive in the area, silk thread production industries based on mulberry cultivation can be undertaken, which can be developed as a long-term signature product of the PyinOoLwin region.

Regarding livestock breeding, he noted that the PyinOoLwin region has long been well-known for its production of milk and dairy products, which are found to be of high quality. He explained that as the country has to import milk and dairy products from abroad every year, it is necessary to improve dairy cow farming. Therefore, he expressed his desire to see dairy cow breeding industries developed and expanded further in the PyinOoLwin region.

He stressed that environmental conservation works in the PyinOoLwin region must be carried out continuously. Noting that forests and trees maintain cool temperatures, he urged officials to supervise the planting and conservation of forests and trees. He stated that tree planting must be carried out using



President U Min Aung Hlaing examines an MSME product.

a system where every planted tree survives. By conserving forests and trees, a balanced climate can be established and water resources can be preserved. While the State is working to ensure a sufficient water supply for PyinOoLwin, water must be used efficiently. Similarly, as the rainy season has arrived, it is necessary to ensure proper drainage in waterways and continuously carry out waste clearance.

Regarding education, PyinOoLwin has a strong and long-standing tradition of academic excellence. Around 25 percent of schools in the town are privately operated and are making significant efforts to enhance educational standards. Government schools should likewise support the advancement of the education sector, and all schools must be managed systematically in accordance with established rules and regulations. Students should be taught the full curriculum prescribed for their respective grade levels so that they gain a thorough understanding of the subjects they study. We must nurture children into educated and disciplined young people who possess patriotism, love for their country, and respect for others. Improving school enrollment rates and expanding access to higher grade levels will make a major contribution to the personal development of our children and to the future progress of the nation. Therefore, decisive action is needed. During our term in office, we will place special emphasis on the education sector. In the 2026–2027 fiscal year, 6.92 percent of the State budget will be allocated to the Ministry of Education for educational development. When education-related expenditures by other ministries are includ-ed, the total allocation will reach 9.22 percent of the State budget. In the following fiscal year, at least 10 percent of the State budget will be devoted to education, with the share rising to 15 percent in subsequent years and reaching 20 percent within the five-year term of our government. Accordingly, we aim to make PyinOoLwin a model town for educational development.

Regarding the sports sector, the district sports ground is currently being renovated, and there is a need to develop recreation areas, parks, and sports facilities in every ward. Such infrastructure will help children and young people improve their health and physical fitness through regular physical activities. To further promote sports among youth, efforts should begin at the basic education school level. It is also important to systematically develop sports fields, playgrounds, and recreational spaces across all wards to support wider participation in sports and community well-being.

A public movement should be encouraged to promote the construction of sanitary latrines and water closets in rural areas. At the same time, libraries need to be established and expanded. Every middle school and each village should have access to a library. It is also important to ensure that these libraries are well-stocked with books that enhance knowledge and practical skills. In addition, reading promotion activities should be organized to foster a stronger reading culture among the public. Such efforts will not only support learning beyond formal education but will also contribute to increasing the number of knowledgeable and skilled individuals in society.

MSMEs can run operations when they have raw materials, capital, inputs and human resources. Even developed countries can enjoy economic growth based on SMEs and they are continuing to do so. It is necessary to develop foodstuff industries by using local raw materials and to manufacture consumer products needed in the domestic market. By boosting domestic production and exporting products to other countries, foreign exchange incomes will increase. The government will encourage the development of MSMEs. As towns are parts of the State, making efforts for development of each town amounts to building a better country and I would like to urge local residents and departmental staff to make concerted efforts for development of their towns.

After the meeting, the President and party inspected the products and local foodstuffs manufactured by MSMEs in PyinOoLwin and gave necessary instructions on reports of officials.

In the afternoon, the President and party arrived at the construction site of the entrance road to the Central Fire Services Training School on Mandalay-Lashio Road and inspected construction works while the union minister for construction and officials reported to the President on construction of the new road.

After hearing the reports, the President gave instructions on completion of construction work before the rainy season, construction of conduits for proper drainage along the road, the need to grow shady and windbreak trees in the road area and others.

Then, the President inspected road and bridge construction works along the road and viewed the inside of the fire services training school by car.

Afterward, the President arrived at the Yadanabon Teleport Building in Yadanabon New City Project near Pyinsa Village and Union Minister for Construction U Myo Thant reported to the President on salient points of the project, implementation of instructions of the Head of State given during his visit to the new city project in December, 2025, implementation plans and measures taken for construction of roads and water and electricity supply. Union Minister for Transport and Union Minister for Digital Development and Communications U Mya Tun Oo reported to the President on organizing the Digital Myanmar Technological Conference and exhibition and outcomes and greening tasks for the new city project area.

After hearing the reports, the President pointed out the needs to implement solar electricity generation tasks to supply water and electricity in the new city project area, to construct earthquake-resistant buildings, to utilize water resources fully for greening the project area, for relevant ministries to take measures for development of digital, IT and AI development in the project area, for participating companies to manufacture equipment to support development of digital, IT and AI only, to take measures for facilitation of provision of staff quarters, transport and administrative matters, to develop a master plan systematically and to carry out greening tasks after developing the master plans and gave instruction on other requirements.

Afterward, the President and party inspected the new city project area by car. **100**

# President of the Republic of the Union of Myanmar U Min Aung Hlaing attends opening of five upgraded major roads in Ward 8 and Ward 10 of Padetha Myothit in PyinOoLwin

NAY PYI TAW May 16

A ceremony to inaugurate five major upgraded roads namely Nawarat, Theingi, Pyithaya, Yadana and Marlar Yuzana completed under the 100-day plan of the new government in Ward 8 and Ward 10 in Padetha Myothit of PyinOoLwin in Mandalay Region was held on Theingi Road this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing.

The ceremony was also attended by Union Ministers U Khin Maung Yi, U Mya Tun Oo, U Min Naung, U Myo Zaw Thein, U Hsan Oo and U Myo Thant, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, the commander of Central Command, the Speaker of the Region Hluttaw, the Chief Justice, the deputy speaker of the Region Hluttaw, Regional ministers, departmental officials and local people.

On arrival at the venue for the ceremony, the President and party were warmly welcomed by traditional ethnic dance troupes and residents.

The Region Chief Minister reported on the upgrade of the roads.

Union Ministers U Khin Maung Yi, U Mya Tun Oo and U Min Naung and the Region Chief Minister cut the ribbon to inaugurate the road.

The President unveiled the stone plaque to mark the inauguration of five major roads in Ward 8 and Ward 10 of Padetha satellite town of PyinOoLwin and sprinkled scented water on it.

Union ministers and attendees also sprinkled scented water on the plaque.

The President and party had documentary photos taken in commemoration of the inauguration of the five major ugraded roads.

The President and party strolled along already-opened Theingi Road and cordially greeted departmental personnel and residents.



President U Min Aung Hlaing sprinkles scented water on the plaque.



President U Min Aung Hlaing cordially greets departmental personnel and residents.



Road inauguration ceremony in progress.

The President and party inspected these five roads by car.

As PyinOoLwin is a peaceful and beautiful hill station where local and foreign travellers visit, overall sectors of the town are being upgarded in accord with the guidance of the President to expand urban development tasks meeting the international standard. today, five major upgraded roads namely Nawarat, Theingi, Pyithaya, Yadana and Marlar Yuzana roads opened in Ward 8 and Ward 10 of Padetha satellite town of PyinOoLwin under the 100-day plan of the new government had been constructed since the establishment of Padetha satellite town. Although these roads were originally built as two-lane roads, they were not adequate for two vehicles to pass each other. Hence, five roads in 32,813 feet in total length were upgraded to the 24 feet wide ones. In accord with the motto that all towns and villages must be modernized as quickly as possible, the PyinOoLwin Township Development Committee is carrying out the upgrade of urban roads meeting the town characteriatics under the instructions of superiors. From 2021 to 2026, the committee upgraded 16 asphalt roads in 12 miles and four furlongs in total length. It is reported that, in line with the guidance and instructions of the President, comprehensive urban development and expansion projects are being implemented to upgrade PyinOoLwin into an internationally standardized city, and local residents of PyinOoLwin are greatly proud, delighted, and grateful for these efforts.

# ရုရှားသမ္မတ ဗလာဒီမာပူတင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

**မော်စကို၊ နိုင်ငံရေး**

ရုရှားသမ္မတဗလာဒီမာပူတင်သည် မေလ ၁၉ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဟု ရုရှားသမ္မတရုံးကထုတ်ပြန်ထားသည်။ ရုရှားသမ္မတသည် တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံး၏ မေလ ၁၆ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်အတွင်း ပူတင်နှင့်ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံကြားဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မဟာဗျူဟာမြောက်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရေးအတွက် နည်းလမ်းများကို ဆွေးနွေးသွားမည့်အပြင် နိုင်ငံတကာနှင့်ဒေသတွင်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍လည်း အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံကြားသဘောတူညီချက်များစွာကို လက်မှတ်ထိုးမည့်အပြင် ပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: RT**

# အီရန်အနေဖြင့် ဟော်မုရေလက်ကြားကို ပြန်ဖွင့်ပေးရမည်ဟု ရှီကျင့်ဖျင်ကသဘောတူကြောင်း ထရမ့်ပြော



**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံအနေဖြင့် ဟော်မုရေလက်ကြားကို မဖြစ်မနေပြန်ဖွင့်လှစ်ပေးရမည်ဆိုသည့်အချက်နှင့် ပတ်သက်၍ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က သဘောတူကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ပြန်လာသည့်ခရီးစဉ်တွင် သမ္မတထရမ့်က အီရန်မှရေနံဝယ်ယူနေသည့် တရုတ်ရေနံကုမ္ပဏီများအပေါ် ချမှတ်ထားသော အမေရိကန်၏ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် စဉ်းစားနေကြောင်း ပြောသည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် အီရန်စစ်ပွဲဖြစ်ပွားမှုအပေါ် စိတ်ပျက်မိကြောင်း၊ ထိုစစ်ပွဲသည် မည်သည့်အခါမျှ မဖြစ်သင့်သည့်ပဋိပက္ခဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံက ပြီးခဲ့သည့်လတွင် တိုက်ခိုက်မှုများရပ်တန့်သော်လည်း အီရန်၏ဆိပ်ကမ်းများကိုစတင်ပိတ်ဆို့ရာ အမေရိကန်ဘက်က ပိတ်ဆို့မှုမရုပ်သိမ်းသမျှ ရေလက်ကြားကို ပြန်ဖွင့်ပေးမည်မဟုတ်ကြောင်း အီရန်ကပြောသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရတ်ချီကလည်း တရုတ်နိုင်ငံ၏ပါဝင်ကူညီမှုကို ကြိုဆိုကြောင်း၊ အမေရိကန်နှင့် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် အသင့်ရှိကြောင်းပြောသည်။ စစ်ပွဲအဆုံးသတ်ရန်ဆွေးနွေးမှုများသည် ပြီးခဲ့သည့်သီတင်းပတ်ကတည်းက ရပ်တန့်နေခဲ့ပြီး ပဋိပက္ခဖြေရှင်းနိုင်ရေးတွင် တိုးတက်မှုမရှိခြင်းကြောင့် ရေနံဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်းသိရသည်။

**Ref: ST**

# အစ္စရေးနှင့်လက်ဘနွန် အပစ်အခတ်ရပ်စဲရေးကို နောက်ထပ် ၄၅ ရက် သက်တမ်းတိုး

**ဝါရှင်တန်၊ ငြိမ်းချမ်းရေး**

အမေရိကန်နိုင်ငံက ကြားဝင်စေ့စပ်ပေးမှုဖြင့်ရရှိထားသည့် အစ္စရေးနှင့်လက်ဘနွန်တို့ကြား အပစ်အခတ်ရပ်စဲရေးကို နောက်ထပ် ၄၅ ရက်သက်တမ်းတိုးလိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တွမ်မီပစ်ဂေါ့ကပြောသည်။

အစ္စရေးနှင့်လက်ဘနွန်တို့က ဧပြီလ ၁၆ ရက်တွင်ရရှိသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို သက်တမ်းတိုးရန် သဘောတူကြောင်း၊ အလွန်အကျိုးဖြစ်ထွန်းသော ဆွေးနွေးမှုများအပြီးတွင် ယခုကဲ့သို့သဘောတူခြင်းဖြစ်ကြောင်း တွမ်မီပစ်ဂေါ့ကဆက်ပြောသည်။ ထို့အတူ ပင်တဂွန်စစ်ဌာနချုပ်သည် မေလ ၂၉ ရက်တွင် စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များကြား ဆွေးနွေးမှုကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကမူ နိုင်ငံရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဇွန်လ ၂ ရက်မှ ၃ ရက်အထိ ဆွေးနွေးမှုများကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: RT**

# တရုတ်နိုင်ငံက လေယာဉ်အစင်း ၂၀၀ ဝယ်မည်ဟု ဘိုးအင်းအတည်ပြု

**နယူးယောက်၊ စီးပွားရေး**

တရုတ်နိုင်ငံက ဘိုးအင်းကုမ္ပဏီမှ လေယာဉ်အစင်း ၂၀၀ ကိုဝယ်ယူသွားမည်ဖြစ်ကြောင်းကတိပြုထားသည်ဟု ဘိုးအင်းကုမ္ပဏီက အတည်ပြုထုတ်ဖော်ပြောလာသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် အဆိုပါသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်သည် နောက်ထပ်လေယာဉ်အစင်း ၇၅၀ ဝယ်ယူသည်အထိပင်ဖြစ်လာနိုင်ကြောင်း ဘိုးအင်းကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဘိုးအင်းကုမ္ပဏီသည် ၂၀၄၄ ခုနှစ်သို့ရောက်ချိန်တွင် လေယာဉ်အစင်း ၄၄၀၀၀ အထိထုတ်လုပ်ရမည်ဟုမျှော်မှန်းထားပြီး ၂၁၀၀၀ မှာ လေယာဉ်အဟောင်းများကို အစားထိုးခြင်းဖြစ်ကာ ကျန်လေယာဉ်များမှာ တိုးတက်လာသောဝယ်လိုအားကြောင့်ဖြစ်မည်ဖြစ်ကြောင်းသိရသည်။

**Ref: AGC**

# ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်မှုကြောင့် လူ ၆၅ ဦးသေဆုံး



**ကင်ရှာဆာ၊ ကျန်းမာရေး**

ကွန်ဂိုနိုင်ငံ အီတူရီပြည်နယ်၌ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူ ၆၅ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ကာကွယ်ရေးဌာနက မေလ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။ လက်ရှိတွင် လူ ၂၀ ၏သွေးနမူနာများကိုစစ်ဆေးရာ ၁၃ ဦးမှာ ရောဂါပိုးကူးစက်ခံထားရသည်ကိုတွေ့ရှိကြောင်း အမျိုးသားဇီဝဆေးပညာသုတေသနဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူ ၂၄၆ ဦးနှင့် သေဆုံးသူ ၆၅ ဦးရှိကြောင်း၊ အများစုမှာ မွန်ဂွါလူနှင့် ဝမ်ပါရာဒေသတို့မှဖြစ်ကြောင်း၊ သေဆုံးသူများအနက်လေးဦးမှာ ဓာတ်ခွဲခန်းမှစမ်းသပ်ပြီး ရောဂါကူးစက်ခံရသည်ဟု အတည်ပြုထားသူများဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

မည်သည့်အကြောင်းရင်းကြောင့် အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးသောကြောင့် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေသည်။ အလားတူ အာဖရိကရောဂါထိန်းချုပ်ကာကွယ်ရေးဌာနသည် ကွန်ဂိုနိုင်ငံ၊ ယူဂန်ဒါနိုင်ငံ၊ တောင်ဆူဒန်နိုင်ငံအပြင် နိုင်ငံတကာမှ ကျန်းမာရေးတာဝန်ရှိသူများနှင့် အတူလက်တွဲကာ ရောဂါဖြစ်ပွားမှုစောင့်ကြည့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းတို့ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: RT**

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကုန်တင်ရထားနှင့် ဘတ်စကား တိုက်မိ၊ လူရှစ်ဦးသေဆုံး

**ဘန်ကောက်၊ မတော်တဆမှု**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မက်ကာဆန်ဘူတာအနီး၌ ကုန်တင်ရထားတစ်စင်းနှင့် ဘတ်စကားတစ်စီးတို့တိုက်မိမှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရရှိကြောင်းနှင့် ၎င်းတို့အနက်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုဖြစ်စဉ်သည် မေလ ၁၆ ရက်မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းမတော်တဆမှုကြောင့် ဘတ်စကားမှာ မီးလောင်သွားကြောင်းနှင့် အနီးအနားတွင်ရှိသော အခြားသောယာဉ်များသည်လည်း ပျက်စီးမှုများဖြစ်ပွားကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ ဒေသတွင်းသတင်းဌာနများကဖော်ပြသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ပဏာမစစ်ဆေးချက်များအရ ခရီးသည်တင်ဘတ်စကားက မီးရထားလမ်းနှင့်ကားလမ်းဆုံသည့်နေရာတွင် ညပ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကားလမ်းကိုတားသည့် မောင်းတံမှာမကျလာကြောင်း၊ ကုန်တင်ရထားသည် ကုန်သေတ္တာများကိုတင်ဆောင်လာသည့်အတွက် အလေးချိန်အလွန်များပြီး အချိန်မီဘရိတ်မအုပ်နိုင်ကြောင်း၊ ထိုသို့သောအခြေအနေများကြောင့် ရထားက ဘတ်စကားကိုတိုက်မိခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကပြောထားသည်။

**Ref: NT**



# အမေရိကန်ရဲ့လက်နက်တိုက်ကပြောပြနေတဲ့ အနာဂတ်စစ်ပွဲများအကြောင်း - ၁

အမေရိကန်ဟာ ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံတွေထဲမှာ သူ့နေရာသူ ခိုင်မာစွာရပ်တည်နိုင်တဲ့ စစ်ရေးစွမ်းဆောင်ရည်တွေပိုင်ဆိုင်ထားပါတယ်။ ဒုံးကျည်နည်းပညာမှာလည်း ဒီအတိုင်းပါပဲ။ အမေရိကန်ဟာ ကမ္ဘာ့ဒုံးကျည်အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ဆက်ရှိနေသလို အရင်ကဆိုရင်လည်း ဒုံးကျည်နဲ့အာကာသနယ်ပယ်ပြိုင်ဆိုင်မှုတွေမှာ ဆိုဗီယက်ပြည်ထောင်စုနဲ့ ရင်ပေါင်တန်းပြိုင်ဆိုင်ခဲ့တာပါ။




အစောပိုင်းကာလများတုန်းက အမေရိကန်ဟာ အာကာသယာဉ်တွေကိုလွှတ်တင်ဖို့နဲ့ နျူကလီးယားထိပ်ဖူးတပ်တိုက်ချင်းပစ်ဒုံးကျည်တွေ သယ်ဆောင်ဖို့အတွက် အင်အားပြင်းဒုံးတွေထုတ်လုပ်နိုင်မယ့်အခြေအနေကို သဘောမပေါက်ခဲ့ပါဘူး။ ဒါပေမဲ့ မကြာခင်မှာပဲ ဆိုဗီယက်ပြည်ထောင်စုကိုအမီလိုက်ကာ သူ့ရဲ့အားသာချက်တွေကို ထိရောက်စွာအသုံးချခဲ့ပါတယ်။ ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံပြီး ထိပ်တန်းအင်ဂျင်နီယာတွေကို ဆွဲဆောင်စည်းရုံးနိုင်တာကြောင့် နယ်ပယ်အများအပြားမှာ အောင်မြင်မှုတွေရခဲ့ပါတယ်။ အဲဒါတွေကတော့ ဒုံးပျံအတွက်လောင်စာခဲနည်းပညာ၊ ပစ်လွှတ်ပေါက်အခြေပြုလွှတ်တင်ရေးစနစ်၊ သေးငယ်ကျစ်လျစ်တဲ့ သာမိုနျူကလီးယားထိပ်ဖူးတွေနဲ့ ခေတ်မီအီလက်ထရွန်နစ်စနစ်အသုံးပြု လမ်းညွှန်စနစ်တွေပဲဖြစ်ပါတယ်။ ဒီလိုမျိုးတိုးတက်မှုများမှတစ်ဆင့် ပစ်မှတ်အမျိုးမျိုးဆီကိုခွဲထွက်ပစ်ခတ်နိုင်တဲ့ ထိပ်ဖူးအများအပြားတင်ဒုံးတွေနဲ့ အနိမ့်ပျံဒုံးကျည်တွေကို ထုတ်လုပ်နိုင်တဲ့အထိဖြစ်လာခဲ့တာပါ။

ဆိုဗီယက်ပြည်ထောင်စုနဲ့ စစ်အေးတိုက်ပွဲကို ပြိုင်ဆိုင်ခဲ့တာဟာ အမေရိကန်ရဲ့ ဒုံးကျည်နည်းပညာတိုးတက်ဖို့ အထူးသဖြင့် နျူကလီးယားအင်အားစုသုံးရပ်ဖွံ့ဖြိုးလာဖို့အတွက် အဓိကတွန်းအားဖြစ်ခဲ့ပါတယ်။ သမိုင်းကြောင်းနောက်ခံကိုပြန်ကြည့်ရင် အမေရိကန်ရဲ့ မဟာဗျူဟာမြောက် နျူကလီးယားအင်အားစုဟာ အဏုမြူဗုံးတွေသယ်ဆောင်နိုင်တဲ့ တာဝေးသွားဗုံးကြဲလေယာဉ်ကြီးတွေအပေါ်မှာသာ အဓိကအခြေခံခဲ့ပါတယ်။ ဒုံးပျံနည်းပညာကိုလည်း ထုတ်လုပ်နေခဲ့ပေမယ့် အဲဒီအချိန်တုန်းက ဆိုဗီယက်ပြည်ထောင်စုလောက်တော့ ဦးစားမပေးနိုင်ခဲ့ပါဘူး။ ဒုတိယကမ္ဘာစစ်အပြီးမှာ အမေရိကန်ဟာ ဆိုဗီယက်ပြည်ထောင်စုလိုမျိုးပဲ နာဇီဂျာမနီတို့ရဲ့ဒုံးပျံနည်းပညာအမွေအနှစ်တွေကို လေ့လာခဲ့ကြပါတယ်။ ဂျာမနီရဲ့ နာမည်ကြီးဒုံးပျံသိပ္ပံပညာရှင် ဝါနာဗွန်ဘရောင်းတို့လိုလူတွေ အမေရိကန်ဘက်ခိုလှုံလာတာဟာ အမေရိကန်အတွက် များစွာအထောက်အကူဖြစ်ခဲ့ပါတယ်။

၁၉၄၀ ပြည့်လွန်နှစ်တွေရဲ့နှောင်းပိုင်းမှာ ဂျာမနီရဲ့ V-2 ဒုံးကျည်တွေကိုပုံတူကူးပြီး အမေရိကန်ရဲ့ ဒုံးပျံနည်းပညာအခြေခံကို စတင်ချမှတ်ခဲ့တာပါ။ အဲဒီနောက်ပိုင်း အမေရိကန်အင်ဂျင်နီယာတွေက ဂျာမနီကနေစတင်ခဲ့တဲ့ လောင်စာတိုင်ကီ၊ အင်ဂျင်အမျိုးအစားအသစ်နဲ့ လောင်စာနည်းပညာအသစ်တွေကို လက်တွေ့အသုံးချလာကြပါတယ်။ ၁၉၅၈ ခုနှစ်အရောက်မှာတော့ Redstone၊ Thor နဲ့ Jupiter တို့လို မဟာဗျူဟာမြောက်ဒုံးကျည်စီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အဲဒီကာလမှာပဲ အမေရိကန်ရဲ့ ပထမဆုံးလောင်စာအရည်အသုံးပြုတိုက်ချင်းပစ်ဒုံးကျည် Atlas ကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီဒုံးကျည်ဟာ ဆိုဗီယက်ပြည်ထောင်စုမှ ဆာဂျီကိုရိုလပ်ထုတ်လုပ်ခဲ့တဲ့ ကမ္ဘာ့ပထမဆုံး ICBM ဖြစ်တဲ့ R-7 ဒုံးကျည်ထက် ပိုပြီးကျစ်လျစ်မှုရှိတာကို တွေ့ရပါတယ်။

အမေရိကန်နိုင်ငံမှာ ဓာတုနည်းပညာတွေ အလျင်အမြန်တိုးတက်လာတာကလည်း ဒုံးကျည်အတွက်နည်းပညာကိုပိုပြီးမြန်ဆန်စေခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒုံးကျည်တွေအတွက်လောင်စာခဲတွေကို ထုတ်လုပ်နိုင်လာပါတယ်။ ဒီအောင်မြင်မှုကြောင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်တဲ့ဒုံးကျည်တွေကို ပိုပြီးသေးသေးကျစ်ကျစ်ဖြစ်အောင်ထုတ်လုပ်နိုင်ခဲ့သလို ၁၉၆၂ ခုနှစ်မှာ အမေရိကန်ရဲ့ ပထမဆုံးလောင်စာခဲသုံးတိုက်ချင်းပစ်ဒုံးကျည် Minuteman I ကို စတင်တပ်ဆင်နိုင်ခဲ့ပါတယ်။ လောင်စာခဲရဲ့အားသာချက်က ထိန်းသိမ်းရလွယ်ကူတာ၊ အဆိပ်အတောက်တွေမရှိတာ၊ အလိုအလျောက်မီးမလောင်နိုင်တာ၊ ယုံကြည်စိတ်ချရမှုပိုမိုမြင့်မားတာနဲ့ လက်နက်ကိုသယ်ဆောင်နိုင်စွမ်းကောင်းမွန်တာတွေပဲဖြစ်ပါတယ်။

၁၉၆၀ ပြည့်လွန်နှစ်အစောပိုင်းမှာ အမေရိကန်က မဂ္ဂါတန်အဆင့်ရှိ ထိပ်ဖူးကြီးတွေတပ်ဆင်ထားတဲ့ လောင်စာအရည်သုံး ICBM တွေရော အလတ်စားထိပ်ဖူးတွေတပ်ဆင်ထားတဲ့ လောင်စာခဲသုံး Minute-man ဒုံးကျည်တွေကိုပါ နှစ်မျိုးလုံးတပ်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ Minuteman ဒုံးကျည်တွေကိုပဲ အမေရိကန်တပ်မတော်မှာ ဆက်လက်အသုံးပြုခဲ့ပါတယ်။ တစ်ဖက်မှာ အမေရိကန်လေတပ်အတွက် အသံထက်မြန်တဲ့ တိုက်ချင်းပစ်အနိမ့်ပျံဒုံးကျည် AGM-28 Hound Dog နဲ့ ဝေဟင်မှပစ်လွှတ်နိုင်တဲ့ အမြင့်ပျံဒုံးကျည်တွေကိုထုတ်လုပ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ၁၉၇၀ ပြည့်လွန်နှစ်တွေအရောက်မှာတော့ အသံရဲ့အမြန်နှုန်းအောက်ရှိပြီး ဝေဟင်မှပစ်လွှတ်နိုင်တဲ့ အနိမ့်ပျံဒုံးကျည်တွေဘက်ကို အာရုံပြောင်းသွားပါတယ်။

လက်ရှိ အမေရိကန်နိုင်ငံရဲ့ ခေတ်မီနျူကလီးယားအင်အားစုသုံးရပ်မှာ မြေပြင်မှပစ်လွှတ်နိုင်တဲ့ တိုက်ချင်းပစ်ဒုံးကျည်(ICBM)၊ ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်တဲ့ အမြင့်ပျံဒုံးကျည် (SLBM) နဲ့ ဝေဟင်မှပစ်လွှတ်နိုင်တဲ့ အနိမ့်ပျံဒုံးကျည်တွေနဲ့ ဖွဲ့စည်းထားတာပါ။ အမေရိကန်နိုင်ငံတစ်ဝန်းမှာ ပစ်လွှတ်ပေါက်အခြေပြုတဲ့လွှတ်တင်ရေးစနစ်တွေထဲကမှ လောင်စာခဲအသုံးပြု LGM-30G Minuteman III တိုက်ချင်းပစ်ဒုံးကျည်အစင်းရေ ၄၀၀ ဝန်းကျင်ကိုတပ်ဆင်ထားပါတယ်။ အဲဒီဒုံးကျည်တွေကို ၁၉၇၀ ပြည့်လွန်နှစ်တွေရဲ့ အစောပိုင်းကာလကတည်းက စတင်သုံးစွဲခဲ့တာဖြစ်ပြီး အကြိမ်ကြိမ်အဆင့်မြှင့်တင်ခဲ့တာပါ။ ပစ်ခတ်နိုင်တဲ့အကွာအဝေးဟာ ကီလိုမီတာ ၁၃၀၀၀ အထိရှိပြီး တီအန်တီ (TNT) ပေါက်ကွဲအားက ကီလိုတန် ၃၀၀ ကနေ ၃၅၀ ကြားရှိတဲ့ W78/W87 ထိပ်ဖူးသုံးခုအထိသယ်ဆောင်နိုင်ပါတယ်။ ခေတ်မီလမ်းညွှန်စနစ်တွေကြောင့် ပစ်မှတ်ကို မီတာ ၉၀ မှ မီတာ ၂၀၀ အတွင်း တိတိကျကျထိမှန်နိုင်ပါတယ်။ Minuteman III ဒုံးကျည်တွေကို ၂၀၃၀ ပြည့်လွန်နှစ်တွေရဲ့အစောပိုင်းအထိ ဆက်သုံးသွားဖို့မျှော်မှန်းရပြီး အဲဒီနောက်ပိုင်းမှာတော့ Sentinel LGM-35A ICBM အသစ်တွေနဲ့ တဖြည်းဖြည်းအစားထိုးသွားမှာဖြစ်ပါတယ်။

အခု ၂၀၂၆ ခုနှစ်မှာ အမေရိကန်ဟာ Sentinel ဒုံးကျည်အသစ်ကိုစမ်းသပ်စစ်ဆေးပြီး ဖြန့်ကြက်ဖို့ပြင်ဆင်နေပါတယ်။ ထုတ်လုပ်သူတွေက Minuteman III သုံးခဲ့တဲ့ ပစ်လွှတ်ပေါက်တွေကနေပစ်လို့ရအောင် ရည်ရွယ်ပေမယ့်လက်တွေ့မှာတော့ လွှတ်တင်ရေးစနစ်အသစ်တွေကို အသစ်ကနေပြန်ဆောက်ရမယ့်ပုံစံရှိနေပါတယ်။ Sentinel ဒုံးကျည်ရဲ့ပုံစံက အဆင့်သုံးဆင့်ပါဝင်ပြီး အရွယ်အစားကလည်း အရင်အတိုင်းပဲမို့ ခေတ်ဟောင်းပုံစံအတိုင်းရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ လောင်စာအမျိုးအစားအသစ်၊ အဆင့်မြှင့်တင်ထားတဲ့ အီလက်ထရွန်နစ်စနစ်နဲ့ ထိပ်ဖူးအသစ်တွေ ပါဝင်လာပါတယ်။ လက်ရှိမှာတော့ အသံထက် အဆပေါင်းများစွာမြန်တဲ့ အသံနှုန်းလွန်လေဟုန်စီးယာဉ်စနစ်တွေ ဒါမှမဟုတ် တခြားထူးထူးခြားခြားဆန်းသစ်မှုတွေ အကြောင်းမတွေ့ရသေးပါဘူး။ အမေရိကန်နိုင်ငံက လက်တွေ့ကျကျအသုံးပြုနိုင်မှုနဲ့ ကုန်ကျစရိတ်သက်သာမှုအပေါ်မှာပဲ အဓိကအာရုံစိုက်ထားဖွယ်ရှိနေပါတယ်။

အမေရိကန်နိုင်ငံရဲ့ ရေအောက်မှပစ်လွှတ်နိုင်တဲ့ နျူကလီးယားဒုံးကျည်စနစ် အခြေအနေကလည်း အလားတူပါပဲ။ အမေရိကန်ရေတပ်ဟာ အောင်မြင်မှုအများကြီးရခဲ့တဲ့ UGM-133A Trident II D5 ဒုံးကျည်တွေကို အနားပေးဖို့အစီအစဉ်မရှိသေးပါဘူး။ လက်ရှိမှာ အဲဒီဒုံးကျည်တွေကို Ohio-class ရေငုပ်သင်္ဘောတွေမှာအသုံးပြုပါတယ်။ အဲဒီရေငုပ်သင်္ဘောတွေက တစ်စင်းကို ဒုံးကျည်အစင်း ၂၀ အထိတင်ဆောင်နိုင်ပါတယ်။ အခုလက်ရှိဆောက်လုပ်ဆဲ Columbia-class ရေငုပ်သင်္ဘောအသစ်တွေမှာလည်း ဆက်လက်တပ်ဆင်သွားမှာပါ။ အဲဒီရေငုပ်သင်္ဘောတစ်စင်းက ဒုံးကျည် ၁၆ စင်းအထိတင်ဆောင်နိုင်ပါတယ်။ ဗြိတိန်ရေငုပ်သင်္ဘောတွေမှာလည်း Trident II ဒုံးကျည်တွေကိုပဲတပ်ဆင်ထားပါတယ်။ အဆင့်သုံးဆင့်ပါတဲ့ အဲဒီအမြင့်ပျံဒုံးကျည်ဟာ ကီလိုမီတာ ၇၈၀၀ မှ ၁၂၀၀၀ အထိပစ်ခတ်နိုင်ပြီး ပေါက်ကွဲအားကီလိုတန် ၉၀ သို့မဟုတ် ၄၅၅ ကီလိုတန်ရှိတဲ့ သာမိုနျူကလီးယားထိပ်ဖူးရှစ်ခုအထိ သယ်ဆောင်နိုင်ပါတယ်။ ပစ်မှတ်လွဲချော်နိုင်မှုအကွာအဝေးကတော့ မီတာ ၉၀ ကနေ ၁၂၀ အတွင်းပဲရှိပါတယ်။ အဲဒီဒုံးကျည်တွေကို လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်တွေကို ကျော်ဖြတ်နိုင်ဖို့နဲ့ အလတ်စားအကွာအဝေးကို ထိမှန်နိုင်စေဖို့အတွက် ပျံသန်းမှုလမ်းကြောင်းအနိမ့်တွေသုံးပြီး စမ်းသပ်ခဲ့ဖူးပေမယ့်အသံနှုန်းလွန်ထိပ်ဖူးတွေကိုထုတ်လုပ်နေတယ်ဆိုတဲ့သတင်းမျိုးတော့မကြားရသေးပါဘူး။ ဒါပေမဲ့ ဒီလိုမျိုးစီမံကိန်းတွေကို လျှို့ဝှက်ထားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

အမေရိကန်လေတပ်မှာ နျူကလီးယားဒုံးကျည်သယ်ဆောင်နိုင်တဲ့လေယာဉ်တွေထဲ အသံရဲ့အမြန်နှုန်းအောက်ရှိတဲ့ B-52H ဗုံးကြဲလေယာဉ်အစင်း ၆၀ ဝန်းကျင်၊ ကိုယ်ပျောက်နည်းပညာသုံး B-2A Spirit အမျိုးအစားဗုံးကြဲလေယာဉ်အစင်း ၂၀ နဲ့ ကျစ်လျစ်မှုရှိတဲ့ ဒုတိယမျိုးဆက်ဗုံးကြဲလေယာဉ် B-21 Raider တို့ပါဝင်ပါတယ်။ အမေရိကန်နျူကလီးယားလက်နက်တိုက်ရဲ့ အဓိကကျောရိုးကတော့ ၁၉၈၀ ပြည့်လွန်နှစ်အလယ်ပိုင်းကတည်းကစပြီးသုံးခဲ့တဲ့ AGM-86B ALCM အနိမ့်ပျံဒုံးကျည်တွေဖြစ်ပါတယ်။

တာဘိုဂျက်အင်ဂျင်ကိုအသုံးပြုကာ အသံရဲ့အမြန်နှုန်းအောက်နှုန်းနဲ့ပျံသန်းနိုင်တဲ့ ဒီဒုံးကျည်ဟာ ကီလိုမီတာ ၂၅၀၀ အထိရောက်ရှိနိုင်ပြီး ပေါက်ကွဲအား ၅ ကီလိုတန်ကနေ ကီလိုတန် ၁၅၀ အထိရှိတဲ့ သာမိုနျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်ပါတယ်။ နောက်ထပ်အဓိကလက်နက်တစ်ခုက နောက်ဆုံးထွက်ရှိထားတဲ့ B61 သာမိုနျူကလီးယားဗုံးဖြစ်ပါတယ်။ အနာဂတ်မှာတော့ ဒီအနိမ့်ပျံဒုံးကျည်တွေနေရာမှာ အနည်းဆုံးကီလိုမီတာ ၂၅၀၀ အထိကို ပစ်ခတ်နိုင်တဲ့ Long Range Stand-Off (LRSO) ဒုံးကျည်အသစ်တွေနဲ့အစားထိုးသွားမှာပါ။ လာမယ့်နှစ်တွေအတွင်းမှာ အသံထက်အဆပေါင်းများစွာမြန်ပြီး ဝေဟင်မှပစ်လွှတ်နိုင်တဲ့ဒုံးကျည်တစ်မျိုးမှာ နျူကလီးယားထိပ်ဖူးတပ်ဆင်ပြီး စစ်ဆင်ရေးတွေမှာ အသုံးပြုလာနိုင်ခြေလည်းရှိနေပါတယ်။

**Ref: RT**

ထက်မြတ်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အကြိုဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

**အောင်ကျော်ဆင့်**

၂၀၂၆ ခုနှစ် မေလ ၁၈ ရက်သည် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့(International Museum Day–IMD)ဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသည့်ပြတိုက်များသည် အတိတ်ကာလက လူသားများ၏အမွေအနှစ်များ၊ ယဉ်ကျေးမှုများနှင့် သမိုင်းမှတ်တိုင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး နောင်လာနောက်သားများကိုလက်ဆင့်ကမ်းပေးသော အဓိကအခန်းကဏ္ဍတွင် ရှိနေသည်။ ထိုကဲ့သို့ အရေးကြီးသောပြတိုက်များ၏အခန်းကဏ္ဍကို ကမ္ဘာတစ်ဝန်းက ပိုမိုသတိပြုမိလာစေရန်နှင့် ပြတိုက်များအကြား အချင်းချင်း ချိတ်ဆက်မှုအားကောင်းလာစေရန်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့(IMD)ကို သတ်မှတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ၁၉၇၇ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museums ICOM)က မေလ ၁၈ ရက်ကို သတ်မှတ်ထားခဲ့ပြီး နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များစွာတွင် အခမ်းအနားများကျင်းပပြုလုပ်ခဲ့ကြရာ ယခု ၂၀၂၆ ခုနှစ်တွင် ၄၉ နှစ်ရှိပြီဖြစ်သည်။ ICOM သည် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အတွက် နှစ်စဉ်ဆောင်ပုဒ်တစ်ခုကိုသတ်မှတ်ပေးပြီး ပြတိုက်များအနေဖြင့် အခမ်းအနားများ၊ လှုပ်ရှားမှုများ၊ အထူးပြပွဲများကို မေလအတွင်းလည်းကောင်း၊ မေလ ၁၈ ရက်တွင်လည်းကောင်း ကျင်းပပြုလုပ်ကြသည်။ ထိုနေ့တွင် အခမ်းအနားများ၊ လှုပ်ရှားမှုများ၊ ပြပွဲများကျင်းပပြုလုပ်ရခြင်းသည် ပြတိုက်သို့လာရောက်သော အများပြည်သူများက ပါဝင်တက်ရောက်ဆင်နွှဲခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့်ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြတိုက်များ၏အခန်းကဏ္ဍကို သိရှိနားလည်စေရန်၊ ပြတိုက်များအား ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်ဖြစ်သည်။

ယခု ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အတွက် ချမှတ်ထားသောဆောင်ပုဒ်မှာ ကွဲလွဲမှုများပြားနေသော ကမ္ဘာကြီးကို စည်းလုံးစေမည့်ပြတိုက်များဖြစ်သည်။ ဆောင်ပုဒ်သည် ပြတိုက်များက ယဉ်ကျေးမှု၊ လူမှုရေးနှင့်ပထဝီနိုင်ငံရေးအရ ကွဲပြားမှုများကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးပြီး အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ပေးနိုင်သည့်အခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။ ယခုနှစ် ၂၀၂၆ ခုနှစ်တွင် ပိုမိုအရေးကြီးလာသည့်ကမ္ဘာ့အခြေအနေများကြောင့် အထူးခြားဆုံး ဆောင်ပုဒ်တစ်ခုအဖြစ် ပေါ်ထွက်လာရခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပပြုလုပ်ခဲ့သည့် ပြတိုက်အရေအတွက်မှာ နိုင်ငံပေါင်း ၁၅၀ ကျော်မှ ပြတိုက်ပေါင်း ၃၇၀၀၀ ကျော်နှင့် ပြတိုက်ပညာရှင်များစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အခမ်းအနားကို အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၁၃)သင်တန်းသား၊ သင်တန်းသူများပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေလ ၁၈ ရက်၌ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြတိုက်လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပြတိုက်အား အခမဲ့ဝင်ရောက်လေ့လာခွင့်ပေးခြင်း၊ ပန်းချီပြိုင်ပွဲနှင့် ပြတိုက်ပညာရပ်ဆိုင်ရာဓာတ်ပုံပိုစတာများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာဘွဲ့ယူကျမ်းများကို ခင်းကျင်းပြသခဲ့သည်။



၂၀၁၅ ခုနှစ် ပထမအကြိမ်ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အခမ်းအနားကို ကျင်းပခဲ့ရသည့်ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံရှိ ပြတိုက်များ၏အခန်းကဏ္ဍနှင့်လှုပ်ရှားမှုများ ပိုမိုတိုးတက်ဆောင်ရွက်ရန်၊ နိုင်ငံတကာတွင်ကျင်းပလျက်ရှိသော အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ်ကို မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ကျင်းပခြင်းဖြင့် ပြတိုက်များ၏ဂုဏ်ကိုမြှင့်တင်ရန်၊ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ပါဝင်ကျင်းပနိုင်ရန်၊ မြန်မာနိုင်ငံပြတိုက်များ အသင်းဖြစ်ပေါ်လာရေးဆောင်ရွက်ရန်တို့ဖြစ်သည်။ ၂၀၁၆ ခုနှစ် မေလတွင် မြန်မာနိုင်ငံပြတိုက်များကောင်စီအမျိုးသားကော်မတီ National Committee အတိုကောက်အားဖြင့် ICOM Myanmar ကို စတင်ဖွဲ့စည်းခဲ့ပြီး ဒီဇင်ဘာလတွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသို့အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်နိုင်ခဲ့သည်။ National Committee ဖွဲ့စည်းနိုင်ခြင်းနှင့် ICOM အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်လာခြင်းသည် မြန်မာ့ပြတိုက်များ၏ကြီးမားသောတိုးတက်မှုတစ်ခုဖြစ်သည်။ ICOM သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်းဖြင့် နိုင်ငံတကာရှိပြတိုက်များ၊ ပြတိုက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ ခေတ်မီနည်းပညာများဖလှယ်နိုင်ပြီး ပြတိုက်များ၊ ပြတိုက်ပညာရှင်များအချင်းချင်း အမြင်ချင်းဖလှယ်ဆွေးနွေးသုံးသပ်ခြင်းဖြင့် ပြတိုက်များ၏အနာဂတ်ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museums – ICOM)ကို ၁၉၄၆ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည်။ ယခု ၂၀၂၆ ခုနှစ်တွင် နှစ်(၈၀)ပြည့်မြောက်ပြီဖြစ်သည်။ ICOM သည် ပြတိုက်နှင့်ပြတိုက်ပညာရှင်များ၏တစ်ခုတည်းသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၂၅ ခုနှစ်အထိ အဖွဲ့ဝင်ပေါင်း နိုင်ငံနှင့်နယ်မြေ ၁၃၉ ခုမှ ပြတိုက်နှင့် ပြတိုက်ပညာရှင် ၆၀၄၀၀ ကျော်ခန့်အထိ ရှိလာခဲ့သည်။ အမျိုးသားအဆင့်ကော်မတီများ ကိုယ်စီဖွဲ့စည်းထားသော နိုင်ငံပေါင်း ၁၂၀ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကော်မတီ ၃၅ ခုကို ကိုယ်စားပြုသည့်အထူးကျွမ်းကျင်သော ပြတိုက်ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ICOM သည် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သုတေသနပြုရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြတိုက်များစဉ်ဆက်မပြတ် လည်ပတ်ရေးနှင့်လူထုဆက်ဆံရေးလုပ်ငန်းများကို အစဉ်တစိုက်လုပ်ကိုင်ဆောင်ရွက်သည်။ ပြတိုက်များအတွက် လိုအပ်သောအကြံပြုချက်များပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ နိုင်ငံတကာကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များမှ အများပြည်သူအတွက် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ ထို့ပြင် ICOM သည် ပြတိုက်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများဆိုင်ရာကိစ္စရပ်များတွင်လည်း ဦးစီးဦးဆောင်ပြုဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ ICOM ၏ ပြတိုက်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများကို ဘာသာစကား ၃၉ မျိုးဖြင့် ထုတ်ဝေထားရှိသည်။

ICOM သည် ပြတိုက်များ၏တိုးတက်မှုကို ဖော်ဆောင်ရုံသာမက ကမ္ဘာ့အမွေအနှစ်များ မပျောက်ပျက်အောင် ကာကွယ်ရာတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ခိုင်မာစွာပူးပေါင်းဆောင်ရွက်နေသည့်အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်ပျက်စီးလုနီးပါးဖြစ်နေသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မပျက်စီးအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဘေးအန္တရာယ်အမျိုးမျိုးကြားမှ ကာကွယ်စောင့်ရှောက်ပေးနေသော အဖွဲ့အစည်းလည်းဖြစ်သည်။

ICOM သည် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာမှုခင်းရဲတပ်ဖွဲ့၊ ကမ္ဘာ့အကောက်အခွန် အဖွဲ့အစည်းတို့နှင့်ပူးပေါင်းကာ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်မှုများကို တားဆီးကာကွယ်ခြင်း၊ ယဉ်ကျေးမှုနှင့်အသိပညာတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ICOM သည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့၏ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမှကာကွယ်ပေးရန်ဖွဲ့စည်းထားသည့် (The International Committee of the Blue Shield – ICBS) အဖွဲ့ဝင်လည်းဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ပြတိုက်များ၏အဆင့်အတန်းသည် နိုင်ငံတစ်နိုင်ငံ၏ယဉ်ကျေးမှုကိုသာမက လူနေမှုအဆင့်အတန်း၊ ရိုးရာဓလေ့ထုံးတမ်းများကိုပါ ဖော်ပြနိုင်သောနေရာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းများ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ပညာပေးရေးတွင် ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်ရပ်တည်လျက်ရှိသည်။ ပြတိုက်များသည် လူကြီးလူငယ်မရွေး ကျောင်းသား၊ ကျောင်းသူများအပါအဝင် အများပြည်သူလူထုကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရေးအတွက် အသိပညာပေးရာတွင်လည်း အရေးပါသောနေရာလည်းဖြစ်သည့်အပြင် နိုင်ငံနှင့်လူ့အဖွဲ့အစည်းအတွက် အရေးပါသောအစိတ်အပိုင်းလည်းဖြစ်သည်။

## ပြတိုက်အဓိပ္ပာယ်

၂၀၂၂ ခုနှစ် ချက်သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် ICOM ၏ (၂၆)ကြိမ်မြောက် အထွေထွေညီလာခံ၌ ပြတိုက်၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြတိုက်ဆိုသည်မှာ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို သုတေသနပြု၊ စုဆောင်း၊ ထိန်းသိမ်း၊ ရှင်းလင်းတင်ပြ၊ ခင်းကျင်းပြသခြင်းဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးခြင်း၊ မတူကွဲပြားမှုနှင့် ရေရှည်တည်တံ့မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြတိုက်များကို အားပေးဆောင်ရွက်ရာတွင် ပြည်သူလူထုက ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ပေးခြင်းနှင့် ပြည်သူလူထုကိုပညာပေးရန်၊ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်၊ ထင်ဟပ်ပြသရန်နှင့် အသိပညာမျှဝေရန်တို့အတွက် အတွေ့အကြုံဗဟုသုတမျိုးစုံကိုပေးရာတွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျင့်ဝတ်အရ၊ ပညာရပ်ဆိုင်ရာအရ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို အကျိုးအမြတ်မယူဘဲ ဆောင်ရွက်သည့် အမြဲတမ်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်ဟု သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၃) ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ပြဋ္ဌာန်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၁)တွင်လည်း ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာလေ့လာသင်ယူနိုင်ရန်နှင့် ပညာပေးရေးအတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ ဖွင့်လှစ်ထားသောအဆောက်အအုံကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပြတိုက်အဓိပ္ပာယ်နှင့်ပတ်သက်၍ ICOM မှ ခေတ်နှင့်အညီ အမြဲပြင်ဆင်မွမ်းမံလေ့ရှိသည်။ ပြတိုက်၏ မူလအဓိပ္ပာယ်မှာပင် စာပေ၊ အနုပညာနှင့် ဉာဏ်ပညာများ

စာမျက်နှာ ၂၆ သို့ ■

■ **စာမျက်နှာ ၂၅ မှအဆက်**

စုဝေးရာနေရာဖြစ်ပြီး ကွဲပြားခြားနားသော လူမျိုးများ၊ ယဉ်ကျေးမှုများကို ပေါင်းစည်းပေးသောနေရာဖြစ်သည့်အလျောက် ယနေ့ခေတ် ကွဲပြားမှုများပြားနေသောကမ္ဘာကြီးတွင် ပြတိုက်များသည် မူလအဓိပ္ပာယ်နှင့် အနှစ်သာရအတိုင်း လူသားများကို ပြန်လည်စည်းလုံးစေရန် အဓိကအခန်းကဏ္ဍက ပါဝင်နေသည်။ အဓိပ္ပာယ်သစ်တိုင်းတွင်လည်း လေးနက်သောစကားလုံးများ ပါဝင်လာသည်။ မတူညီသောယဉ်ကျေးမှုများ၊ အမြင်များကို အသိအမှတ်ပြုလက်ခံရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရန်၊ လူတန်းစားမရွေး၊ အဆင့်အတန်းမရွေး အားလုံးလွယ်လွယ်ကူကူလေ့လာနိုင်ပြီး ပါဝင်ခွင့်ရရန်၊ ပြတိုက်များသည် ပညာရှင်များနှင့်သာ လုပ်ဆောင်နေသောနေရာမဟုတ်တော့ဘဲ ပတ်ဝန်းကျင်လူထုနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ပါဝင်လာခဲ့သည်။ ပြတိုက်များ၏အဓိပ္ပာယ်ကို ခေတ်နှင့်အညီ အမြဲတမ်း Update လုပ်နေခြင်းသည် ပြတိုက်များကို အတိတ်တွင် ရပ်တန့်မနေစေဘဲ ပစ္စုပ္ပန်ကာလ၏လူမှုရေးပြဿနာများကိုဖြေရှင်းပေးနိုင်သော သက်ရှိအဖွဲ့အစည်းများအဖြစ် ပြောင်းလဲပေးခြင်းအတွက်လည်းဖြစ်သည်။

**ပြတိုက်လုပ်ငန်းစဉ်များ**

ပြတိုက်၏အရေးကြီးသောလုပ်ငန်းစဉ်များမှာ ပြသပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ပြသခြင်း၊ ပညာပေးခြင်း၊ သုတေသနပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ လုံခြုံရေးတို့ဖြစ်သည်။ ဖော်ပြပါပြတိုက်လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်မှာလည်း ထိုပြတိုက်များကို တာဝန်ယူရသူတို့၏ပြတိုက်ပညာရပ်ဆိုင်ရာအရည်အသွေးပြည့်မီမှုပေါ်တွင် များစွာတည်မှီနေပေသည်။ ထို့ကြောင့် ပြတိုက်များအတွက် စီမံခန့်ခွဲဆောင်ရွက်နိုင်သော ပြတိုက်ပညာ၊ နည်းပညာအရည်အသွေးပြည့်မီသည့် ပြတိုက်မှူးများ၊ ပြတိုက်တာဝန်ခံများ၊ ကျွမ်းကျင်ဝန်ထမ်းများ စနစ်တကျမွေးထုတ်ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်သည်။ ပြတိုက်မှူးကောင်းတစ်ယောက်တွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှုအရည်အချင်း၊ ဆက်သွယ်ပြန်ကြားရေးနှင့်စေတနာ စသည့်အရည်အချင်းများရှိရန်လိုအပ်မည်ဖြစ်သည်။ ပြတိုက်တာဝန်ခံများနှင့်ဝန်ထမ်းများ၏အရည်အချင်းနှင့်ပတ်သက်၍ ICOM ၏ ပြတိုက်ကျင့်ဝတ်စည်းမျဉ်းများတွင် သင့်လျော်သောလေ့ကျင့်သင်ကြားမှုရှိရမည်၊ စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်း၊ ကျင့်ဝတ်သိက္ခာကိုစောင့်ထိန်းခြင်း စသောကျင့်ဝတ်ပိုင်းဆိုင်ရာခိုင်မာမှုလည်း အရေးကြီးဆုံးအရည်အချင်းတစ်ခုအဖြစ် သတ်မှတ်ထားရှိသည်။ ထို့ပြင် မိမိလုပ်ငန်းနှင့်သက်ဆိုင်သော ဒေသန္တရဥပဒေများ၊ နိုင်ငံတကာသဘောတူချက်များကို ကျေညက်စွာသိရှိထားရမည့်အပြင် ပြတိုက်ရှိပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရာတွင် ပညာရပ်ဆိုင်ရာစံနှုန်းများအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိရမည်ဖြစ်သည်။

**ပြတိုက်အမျိုးအစားများ**

ကမ္ဘာပေါ်ရှိပြတိုက်အမျိုးအစားများတွင် ပြတိုက်အတွင်းပြသထားသော အရာဝတ္ထုပစ္စည်းများ၊ ဦးတည်ချက်များအပေါ်မူတည်၍ သမိုင်းပြတိုက်များ၊ အနုပညာပြတိုက်များ၊ သိပ္ပံနှင့်သဘာဝသမိုင်းပြတိုက်များ၊ လူမျိုးစုနှင့်ယဉ်ကျေးမှုပြတိုက်များ၊ အထူးပြုပြတိုက်များ စသည်ဖြင့် အကြမ်းဖျင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အကြမ်းအားဖြင့် ပြတိုက်အမျိုးအစားများကို အုပ်ချုပ်မှုအရ တည်ထောင်ဖွင့်လှစ်သော ဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအပေါ်မူတည်၍ သုံးမျိုးခွဲခြားသတ်မှတ်နိုင်သည်။

မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပြသထားသော ပြတိုက်များအနေဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်တွင် ဖွင့်လှစ်ထားသော အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပြသထားသော ယဉ်ကျေးမှုပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၊ အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသော သစ်တောပြတိုက်၊ မြန်မာ့မီးရထားပြတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ ဘာသာရေးဆိုင်ရာပြတိုက်များ၊ ဘာသာရပ်ဆိုင်ရာ ပြတိုက်များ၊ အာကာသနှင့်သိပ္ပံဆိုင်ရာ ပြတိုက်များ အပြင် ယနေ့တိုးတက်ခေတ်မီလာသောခေတ်ကြီးတွင် ပုဂ္ဂလိကပြတိုက်များ၊ လဟာပြင်ပြတိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ဂေဟာစနစ်အသွင်ဖြင့်ပြသထားသောပြတိုက်များ၊ မူလတွေ့ရှိရာနေရာတွင် တည်ဆောက်ပြသထားသော ပြတိုက်များ၊ အထူးပြုပြတိုက်များ စသည်ဖြင့် ပြတိုက်အမျိုးအစားများစွာတိုးတက်ဖွင့်လှစ်ပြသလျက်ရှိသည်။

> **“ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်၊ ပြတိုက်များ၏အဆင့်အတန်းသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုကိုသာမက လူနေမှုအဆင့်အတန်း၊ ရိုးရာဓလေ့ထုံးတမ်းများကိုပါ ဖော်ပြနိုင်သောနေရာဖြစ်၊ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းများ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ပညာပေးရေးတွင် ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ရပ်တည်လျက်ရှိ . . .”**

**တပ်မတော်စစ်သမိုင်းပြတိုက်**

တပ်မတော်စစ်သမိုင်းပြတိုက်သည် သမိုင်းကြောင်းဆိုင်ရာအထိမ်းအမှတ် ပြတိုက်အမျိုးအစားတစ်ခုဖြစ်သည်။ အမျိုးသားရေးယုံကြည်ချက်နှင့် ခံယူချက်ပြည့်ဝသည့် မြန်မာ့တပ်မတော်၏လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တစ်လျှောက်လုံးတွင် ရှေ့ဆုံးမှဦးဆောင်၍ ရဲဝံ့ပြောင်မြောက်စွာစွန့်စားတိုက်ပွဲဝင်ခဲ့မှု၊ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စွန့်လွှတ်ပေးဆပ်မှုများဖြင့် ထိန်းသိမ်းကာကွယ်ခဲ့မှု၊ အမျိုးသားရေးကိုအစဉ်ဦးထိပ်ထား၍ နိုင်ငံတော်တွင် အခက်အခဲနှင့်ဘေးအန္တရာယ်များကြုံတွေ့ချိန်တိုင်း အသက်ကိုပဓာနမထားဘဲ ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်ဆောင်ရွက်ခဲ့မှု၊ ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့မှု စသည့်သမိုင်းဝင်မှတ်တမ်းများကို ရဟန်းရှင်လူပြည်သူအပေါင်းက တွေ့မြင်သိရှိလေ့လာနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ထက်သန်စွာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အား ၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ပေးသည်။ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သည် မြန်မာ့သမိုင်းကြောင်းနှင့် ရှေးမြန်မာဘုရင်များလက်ထက်မှအစပြု၍ ယနေ့အထိ ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းကိုလေ့လာနိုင်သော အရေးပါသည့် ပြတိုက်တစ်ခုဖြစ်သည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း**

နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများချမှတ်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ထိန်းသိမ်းခြင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့မှတ်တမ်းဝင်ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းခြင်း၊ ပြတိုက်များတည်ဆောက်ခြင်းများပြုလုပ်၍ သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်၊ အနုပညာဆိုင်ရာအမွေအနှစ်များထိန်းသိမ်းခြင်းများကိုဖော်ဆောင်လျက် နိုင်ငံသူ၊ နိုင်ငံသားတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လုပ်ဆောင်လျက်ရှိသည်။ ထိုနည်းတူ ပြတိုက်များသည်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

**ပြတိုက်နှင့်လူငယ်**

နှစ်စဉ် မေလ ၁၈ ရက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့တွင် ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များတွင်လည်းကောင်း၊ မြန်မာနိုင်ငံရှိပြတိုက်များတွင်လည်းကောင်း၊ အထူးပြပွဲများကျင်းပခြင်း၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်းများအပြင် လူငယ်များအပါအဝင် အများပြည်သူများပူးပေါင်းပါဝင်ခြင်းဖြင့် လှုပ်ရှားမှုအခမ်းအနားများ ကျင်းပကြသည်။ ပြတိုက်များအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူလူငယ်များကို ဖိတ်ခေါ်လာရောက်လေ့လာစေ၍ အသိပညာဗဟုသုတများ မျှဝေပေးလျက်ရှိသည်။ ပြတိုက်များသည် လူငယ်များ၏ ကျန်းမာပျော်ရွှင်မှုကို အထောက်အကူပြုခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုတိုးစေခြင်း၊ ဆက်သွယ်ပြောဆိုမှုကျွမ်းကျင်မှုကိုမြှင့်တင်ပေးခြင်း၊ မိမိတို့ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းကို ဖြစ်ပေါ်စေခြင်းနှင့် သင်ယူမှုအတွေ့အကြုံများ ကြွယ်ဝစေခြင်းများကို ဆောင်ရွက်ပေးသည်။

သမိုင်းကိုမသိလျှင် ထိုသူတို့သည် အမှောင်ထဲတွင် လျှောက်လှမ်းနေရသကဲ့သို့ဖြစ်သည်ဟူသော စကားလည်းရှိသည်။ ယနေ့ခေတ်လူငယ်မျိုးဆက်သစ်များသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အချက်အလက်များကို လွယ်ကူလျင်မြန်စွာရယူနိုင်ကြသော်လည်း မိမိတို့၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားမှုလျော့နည်းလာသည်ဟု ယူဆချက်များလည်း ရှိနေသည်။ ထိုနေရာတွင်ပြတိုက်များ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ ပြတိုက်တစ်ခုတွင် ပြသထားသော ရှေးဟောင်းအမွေအနှစ်များ၊ သမိုင်းကြောင်းများကို လေ့လာသိမြင်ခြင်းဖြင့် လူငယ်များ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး မိမိနိုင်ငံနှင့် လူမျိုးသမိုင်းကြောင်း၊ ယဉ်ကျေးမှုတို့အပေါ် တန်ဖိုးထားမြတ်နိုးစိတ်ကိုလည်း ဖြစ်ပေါ်စေသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များသည်လည်း မိမိတို့၏ရည်ရွယ်ချက်များကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုလျက် ပြတိုက်များသည် အတိတ်ကိုသိုလှောင်ထားရုံသက်သက်မဟုတ်တော့ဘဲ ယနေ့လူငယ်များအတွက် စိတ်ကူးစိတ်သန်းများကိုနှိုးဆွပေးပြီး အနာဂတ်ကိုပုံဖော်ရန်ကူညီပေးနေသည့် တက်ကြွသောသင်ယူမှုပတ်ဝန်းကျင်များဖြစ်နေပြီဖြစ်သည်။ ပြတိုက်များသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ရှားပါး၍ သမိုင်းတန်ဖိုးရှိသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်များကို ရှာဖွေစုဆောင်းထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြသခြင်း၊ ပညာဖြန့်ဝေခြင်းများအပြင် နိုင်ငံတော်၏ဂုဏ်၊ ပြတိုက်များ၏ဂုဏ်ကိုလည်း မြှင့်တင်လျက်ရှိသည်။

နိဂုံးချုပ်အားဖြင့် ဆိုသော် ပြတိုက်များသည် အတိတ်ကာလမှ အဖိုးတန်အမွေအနှစ်များကို စုဆောင်းသိမ်းဆည်း ထိန်းသိမ်းပြသရုံသာမက ကွဲပြားခြားနားနေသော လူသားမျိုးနွယ်များအကြားနားလည်မှုနှင့်ပေါင်းစည်းမှုကိုတည်ဆောက်ပေးရာဗဟိုချက်များဖြစ်ကြသည်။ သမိုင်း၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာအနှစ်သာရများကို မျိုးဆက်သစ်လူငယ်များအနေဖြင့် ခေတ်စနစ်နှင့်အညီ လေ့လာသင်ယူပြီး အနာဂတ်ဘဝများပိုမိုငြိမ်းချမ်းစွာ တည်ဆောက်နိုင်ကြစေရန်နှင့် မတူကွဲပြားခြားနားသော နေရာအသီးသီး၊ လူမျိုးစုအသီးသီးတို့၏ စုဆောင်းထိန်းသိမ်းပြသထားသော ဒြပ်ရှိ၊ ဒြပ်မဲ့ အမွေအနှစ်ပစ္စည်းများကို လေ့လာကြည့်ရှုခြင်းဖြင့် ထိုပစ္စည်းများ၏လှုံ့ဆော်မှုစွမ်းအားကြောင့် အတွေးအခေါ်၊ အသိအမြင်ဗဟုသုတတိုးပွားစေပြီး နိုင်ငံချစ်စိတ်၊ အမျိုးကိုစောင့်ရှောက်မြှင့်တင်လိုစိတ်၊ မျိုးချစ်စိတ်များ ထက်သန်စေမည့်အကျိုးကျေးဇူးများရရှိစေရန်ရည်သန်လျက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ















မန္တလေးမှ မြစ်ကြီးနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများသွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မြစ်ကြီးနားမှ မန္တလေးသို့ ပြန်လည်ထွက်ခွာလာစဉ်။

**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပိတ်ဆို့ထားသည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသည့် မန္တလေး- မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား မေလ ၆ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ်စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ စက်သုံးဆီများအား မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးခဲ့သည့်သတင်းအား မေလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။


အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များသည် မေလ ၁၅ ရက်နေ့တွင် မြစ်ကြီးနားမြို့မှပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်း-မိုးညှင်း-နန့်စီးအောင်-မော်လူး-အင်းတော်-ကသာ-ထီးချိုင့်-တကောင်း-သပိတ်ကျင်း-မတ္တရာမြို့များကို ဖြတ်သန်း၍ ယနေ့ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

မြစ်ကြီးနားမြို့မှမန္တလေးမြို့သို့ပြန်လည်ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လမ်းခရီးအခက်အခဲကြောင့် ကြန့်ကြာမှုများဖြစ်ပေါ်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန် သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးအခက်အခဲများကြောင့် မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူရန် သွားရောက်မည့် ဒေသခံပြည်သူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ မန္တလေး- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ကြပြီဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများ စသည့်ကဏ္ဍပေါင်းစုံတွင် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် များစွာကျေးဇူးတင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့်အဆောက်အအုံများသိမ်းဆည်းရမိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ သံလွင်မြစ်အနီး၌ တရားမဝင်တရုတ်နိုင်ငံသား ၁၈ ဦးနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့်အဆောက်အအုံများသိမ်းဆည်းရမိသည့်နေရာပြမြေပုံ။




**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာဖော်ထုတ်အရေးယူဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့်ပူးပေါင်း၍လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြတ်ပြတ်သားသား ကိုင်တွယ်အရေးယူဆောင်ရွက်လျက်ရှိရာ မေလ ၁၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ တရားမဝင်တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မိုင်းရှူးမြို့နယ်၊ ဟိုပုံကျေးရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်အတွင်းရှိ မိုင်းရှူး-မိုင်းစံဒေသ၊ သံလွင်မြစ်အနောက်ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ရာ မေလ ၁၅ ရက် နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် မိုင်းရှူးမြို့၏အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ လွယ်ဆောင်ထောက်ကျေးရွာ၏အရှေ့တောင်ဘက် ၁၁ ကီလိုမီတာခန့် သံလွင်မြစ်အနီး၌ တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားအမျိုးသား ၁၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မိုင်းစံမြို့၏အရှေ့ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ ဟိုပုံရွာ၏အရှေ့ဘက်၉ ကီလိုမီတာခန့်အကွာ သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖျက်ဆီးထားသော အလျား ၁၀၀ ပေ၊ အနံ ၃၀ ပေရှိအိပ်စင်ပါလူနေဆောင် ၂ လုံး၊ အလျား ၁၀၀ ပေ၊ အနံ ၃၀ ပေရှိလုပ်ငန်းသုံးတဲ ၁ လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ဝါးတဲ ၃၀ လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ စားချက်ဆောင် ၁ လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



မိုင်းရှူးမြို့နယ်၊ လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင်၊ သံလွင်မြစ်အနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးအား တွေ့ရစဉ်။



မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့အရှေ့ဘက်၊ ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် အဆောက်အအုံများအားတွေ့ရစဉ်။



မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့အရှေ့ဘက်၊ ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများအားတွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ်စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါဒုစရိုက်လုပ်ငန်းများလုပ်ဆောင်နေသည့် သတင်းများရရှိပါက အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရန် မြဝတီအဖွဲ့သားများက သတင်းစကားပါးအပ်ပါသည်။

(၁၀၀)


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်းအနိုင်ရ




ရန်ကုန် မေ ၁၆

၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများကို မေလ ၁၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်ကျင်းပရာ မြန်မာအသင်း အဖွင့်ပွဲတွင်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည်သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၈ မှတ်ဖြင့် အပြတ်အသတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင်ပါဝင်သည့် ပြိုင်ပွဲအမျိုးအစားသုံးမျိုးစလုံး ယှဉ်ပြိုင်နေပြီး သုံးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်၊ လေးယောက်တွဲပြိုင်ပွဲတွင် တရုတ်၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

အုပ်စုဒုတိယနေ့ကို မေလ ၁၇ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဘရူနိုင်းအသင်း၊ သုံးယောက်တွဲပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-ISTAF

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အီသီယိုးပီးယားနိုင်ငံသားသုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားသုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားသုံးဦးအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၅ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပဲခူးမြို့တွင် တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ



ပဲခူး မေ ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များအတွက်အခြေခံစက်ချုပ်သင်တန်းကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များအနေဖြင့် ဘဝရပ်တည်မှုအတွက် ခိုင်မာသည့်အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားရန်၊ တိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုအပိုဝင်ငွေ ရှာဖွေနိုင်စေရန်၊ တိုင်းရင်းသားဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး စက်ချုပ်သင်တန်းကိုအကောင်အထည်ဖော် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များအတွက် ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းအား မေလ ၁၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပေးလျက်ရှိရာ တိုင်းရင်းသားသင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး ကျွမ်းကျင်သင်တန်းနည်းပြဆရာမများက အခြေခံလက်ပြတ် (ရင်စေ့)၊ ခေါင်းစွပ်လက်ပြတ်၊ ရင်စေ့လက်ဆက်၊ ရင်ဖုံးလက်ဖောင်း၊ ဂျပန်ကော်လာထောင်၊ နောက်ကွဲဇစ် (ပုံစံအမျိုးမျိုး)၊ စတစ်ကော်လာ (လက်ဖောင်း (သို့)ရိုးရိုးလက်)၊ ဟာဝေယံရှပ်၊ ညဝတ်ဘောင်းဘီ၊ ချိတ်ထဘီ၊ သုံးလွှာစကတ် စသည်တို့ကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၄၁၀)

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့်ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် မေ ၁၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့သည်။ (မိုး/ဇလ)


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
ဆိုင်ကယ်တာယာ
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ကားတာယာ
LIGHT TRUCK TYRE
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလို

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➜




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစဉ်။

---

**မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည် လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ သွားရောက်ပို့ဆောင်သည့်မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ**

စာ - ၂၇ သို့

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင်တရုတ်နိုင်ငံသား ၁၈ ဦး ဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိ**

စာ - ၂၈ သို့

**ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အနိုင်ရ**

စာ - ၂၉ သို့

